ကတညုတာ စ တော မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတထံစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေ၊ပီ၊ဂျေ အဗ္ဗဒူလ် ကလမ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်သမ္မတထံစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင် အာမက်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် မလေးရှားနိုင်ငံကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedနှင့်အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

**လက်ခံတွေ့ဆုံ**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## မလေးရှားနိုင်ငံကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံတွင်ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamedနှင့်ဇနီးဦးဆောင်သော အဖွဲ့ဝင်ကိုးဦးပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲ ၁၂နာရီ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
## အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

# နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုနှင့်အတူ အနာဂတ်နိုင်ငံတော်ကို လက်တွဲကြိုးပမ်းတည်ဆောက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးသည် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ ဌာနအသီးသီးမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

အချို့နယ်စပ်မြို့များဆိုပါလျှင် အတွင်းပိုင်းဒေသမှ မြို့ကြီးများကဲ့သို့ ဖွံ့ဖြိုးစည်ပင်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်သည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသဖြင့် တိုင်းရင်းသား အချင်းချင်း ထိတွေ့ဆက်ဆံမှုများလာပြီး အပြန်အလှန်ရင်းနှီးနားလည်မှုရရှိကာ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွား လာစေခဲ့သည်။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တက်လှမ်းနိုင်ရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အခြေအနေကောင်းများ ရရှိနေပြီဖြစ်သည်။ ရရှိထားသည့် အလားအလာကောင်း၊ အခြေအနေကောင်းများကို အပြည့်အဝအသုံးချ၍ အရှိန်အဟုန်မပျက်စေဘဲ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လားရှိုးခရိုင်နှင့် လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

**“မိမိဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၂ ရက်မှစ၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ စတင်ရောက်ရှိပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ မိုင်းရယ်၊ တန့်ယန်း၊ ကွမ်းလုံ၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန်းနီစသည့် မြို့နယ်များ၊ မြို့များသို့ လှည့်လည်သွားရောက်ခဲ့ကြောင်း၊ ယင်းသို့ လှည့်လည်သွားလာရာတွင် ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်၏ နယ်မြေဒေသအနှံ့အပြားသို့ လှည့်လည်သွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အဆင့်မြှင့်ပေးရမည်များကို အဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသအသီးသီးသည် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း”**

ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကောင်းမွန်ခြင်း၊ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နိုင်ငံတော်သည် ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်တစ်ရပ်လုံး ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ နယ်မြေဒေသအသီးသီး အေးချမ်းတည်ငြိမ်မှုကြောင့်လည်း ဖြစ်သည်။ တပ်မတော်က နိုင်ငံတော်၏တာဝန်များကို ရယူပြီးနောက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး တစ်ဆက်တည်းမှာပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အေးချမ်းတည်ငြိမ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်၍ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတော် တစ်ရပ်လုံးရော၊ ဒေသအသီးသီးပါ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ အချိန်တိုကာလအတွင်း၌ပင် ပြည်နယ်/တိုင်း ဒေသအသီးသီးတွင် လိုအပ်နေသော စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများကို ခိုင်ခိုင်မာမာချမှတ် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လက်တွဲကြိုးပမ်းတည်ဆောက်သွားကြသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်အဖြစ် တက်လှမ်းရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၆–၇–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Earth's Major Biomes (ပထမနှစ်–ပထဝီဝင်အထူးပြု)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”** (အပိုင်း–၁၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ **“သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ စေတနာဂုဏ်အဖြာဖြာ”**
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပြည်သူ့တရားရှင် ရွှေသမက်ဘယ်သူလဲ”** (အပိုင်း–၅)ဇာတ်သိမ်းပိုင်း

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများပေါ်ထွန်းရေး မြန်မာအမျိုးသမီးထုတစ်ရပ်လုံး တစ်တပ်တစ်အားပူးပေါင်းပါဝင်

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မာထွန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းနှင့် စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသမီးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်းအင်အား ၅၀၀ ကျော် တက်ရောက်ကြသည်။**

### ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ ခု၏ လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့်ဖွဲ့စည်းပုံများကို အသေးစိတ် ဆွေးနွေးပြောကြားပြီး အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့ ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တပ်အား ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား စာရင်းစစ်ချုပ်ရုံး၏ အထိမ်းအမှတ်လက်ဆောင်ပေးအပ်သည်။ **(သတင်းစဉ်)**



**ကမ္ဘာ့မိခင်နို့တိုက်ကျွေးနေ့ အထိမ်းအမှတ် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ “မိခင်နို့တစ်မျိုးသာ တိုက်ကျွေးမှ စံမီပြည့်ဝစိတ်ချရ” ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံး ပြိုင်ပွဲနှင့် ဆောင်းပါးရေးပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်က အထက(၁)ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။** (၂၅၉)

**ရန်ကုန်မြို့ အလုံမြို့နယ် ပထမသီရိရိပ်သာ အမှတ် ၁၆၀(ဘီ)နေ ဦးတင်ထွဋ်–ဒေါ်ကြည်ကြည်အောင်ခင် သား မောင်နေဝင်းထွဋ်၊ မောင်ညီညီထွဋ် မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ဂေါက်သီးဝါသနာရှင်များ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ ခုနှစ် ဇူလိုင်လ သစ်ပင်စိုက်ပျိုးလအဖြစ် မြန်မာဂေါက်ကွင်းစိမ်းလန်းစိုပြည်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်း အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးပြီး စုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲမှ စတင်၍ အသင်းတည်ရှိရာ ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင် ဂေါက်ကွင်း၌ ဂေါက်သီးဝါသနာရှင်များ တပျော်တပါး သစ်ပင် စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(က–ပ)**

■ ရှေ့ဖုံးမှ

## တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato' Cheah Sam Kip နှင့် Defence Advisor Colonel Hj.Abbas bin Hj.Mat တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

● ရှေ့ဖုံးမှ

## ကြိုဆိုနှုတ်ဆက်

မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor Colonel Hj. Abbas bin Hj.Mat နှင့် ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ (ဥပုသ်နေ့)**

**၁၆–၇–၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း

၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနယဉ်

၈:၁၀ ၇။ အတီးပြိုင်ပွဲ

၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ English for Everyday Use

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)

၁၇:၁၅ ၆။ ပြည်ထောင်တိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ

၁၇:၄၀ ၈။ ဟင်းရွက်ရေလှောင်တမံ

၁၇:၅၀ ၉။ မြန်မာစာ မြန်မာစကား

၁၈:၀၀ ၁၀။ တေးဂီတအစီအစဉ်

၁၈:၁၀ ၁၁။ Discovery

၁၈:၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ

၁၈:၃၀ ၁၃။ ညနေခင်းသတင်း

၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၄၀)

၁၉:၃၅ ၁၆။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့်မျိုးပွားခြံ (မုဒုံမြို့)

၁၉:၄၅ ၁၇။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော်

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"မြစ်တစ်စင်းရဲ့ ဟင်းလင်းပြင်"** (အပိုင်း–၂) လူမင်း၊ ရဲအောင်၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–မောင်ဗေဒါ)

၂၂။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ် ချုပ် မှူး ကြီး မောင်အေး မလေးရှားနိုင်ငံမှ ကြည်းတပ် ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ကုန်း မြင့် သာ ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်ခမ်းထီ တပ်မတော်ဆေးရုံကြီးသို့ ငွေကျပ် ၁၀ သိန်းလာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

**ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ရှေ့တန်းရောက် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) မှ အမျိုးသားညီလာခံကိုယ်စားလှယ် ပအိုဝ်းတိုင်းရင်းသားအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီနှင့် မိသားစုက တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သားများအသုံးပြုရန်အတွက် တပ်မတော်ဆေးရုံကြီး ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ် ၁၀ သိန်းကို ယနေ့နံနက် ၉ နာရီတွင် တပ်မတော်ဆေးရုံကြီးသို့ လာရောက်လှူဒါန်းသည်။**

အခမ်းအနားသို့ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အလှူရှင်ဦးအောင်ခမ်းထီက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မိမိသည် အမျိုးသားညီလာခံ တက်ရောက်နေစဉ်အတွင်း ကျန်းမာရေး အခြေအနေအရ တပ်မတော်ဆေးရုံကြီးသို့ ဆေးရုံတက်ရောက်ကုသခဲ့ရာ၌ နိုင်ငံ့အကြီးအကဲများနှင့်တပ်မတော်ဆေးရုံကြီးမှတာဝန်ရှိသူအဆင့်ဆင့်က မေတ္တာ စေတနာ အပြည့်အဝဖြင့် ပြုစုကုသပေးခဲ့သဖြင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်၍ နိုင်ငံတော်၏အကျိုးကို ဆက်လက်သယ်ပိုး ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်လှူဒါန်းငွေများအား ပေးအပ်ရာ တပ်မှူးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရောဝတီ၊ ဒုဋ္ဌဝတီ ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၁၅

**ယနေ့နံနက် ၆ နာရီခွဲအထိ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း မန္တလေးမြို့၏ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာနှင့် စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ်၁၁၅၀စင်တီမီတာအသီးသီးသို့ လည်းကောင်း၊ နောက်ငါးရက်အတွင်း ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ လည်းကောင်း ရောက်ရှိနိုင်သည်။**

**ယနေ့နံနက် ၆ နာရီခွဲအထိ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း သိရသည်။**

**အလားတူ ယနေ့နံနက် ၆ နာရီခွဲအထိ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယနေ့ မွန်းတည့်မှ နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။**

**ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ရှေ့တန်းရောက် တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ အမျိုးသားညီလာခံကိုယ်စားလှယ် ပအိုဝ်းတိုင်းရင်းသားအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီနှင့် မိသားစုက တပ်မတော်ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သား လူနာများ အသုံးပြုရန်အတွက် ဆေးပဒေသာပင် စိုက်ထူရန် ငွေကျပ် ၁၀ သိန်းကို တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်ထံ ဇူလိုင် ၁၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ထပဆ)**

16-7 (03).p65 1 03/24/1905, 2:11 PM

# ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးနှင့်အီရတ်ကြားဖြတ်အစိုးရဌာနချုပ်အနီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဇူလိုင် ၁၄

**အသေခံဗုံးခွဲ တိုက်ခိုက်သူတစ်ဦးသည် ဗြိတိသျှသံရုံးနှင့် အီရတ်ကြားဖြတ်အစိုးရဌာနချုပ်အနီးရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် ထုထည်အင်အားကြီးမားသော ကားဗုံးတစ်လုံးကို ဗုဒ္ဓဟူးနေ့က ဖောက်ခွဲခဲ့ရာ လူ ၁၀ဦး ထက်မနည်းသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လူ၄၀ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။**

ယခုအသေခံဗုံးခွဲ တိုက်ခိုက်မှုသည် ဇွန် ၂၈ရက်၌ အီရတ်ကြားဖြတ်အစိုးရအဖွဲ့သို့ အမေရိကန်ပြည်ထောင်စုက အချုပ်အခြာအာဏာလွှဲပေးခဲ့ချိန်မှစပြီး ဆိုးရွား ပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်သည်။

ပေါင်၁၀၀၀ရှိဖောက်ခွဲရေးပစ္စည်းများကို ကားဖြင့်အပြည့် တင်ဆောင်ကာအသေခံဗုံးဖောက်ခွဲသူသည်ဘဂ္ဂဒက်မြို့လယ်ကောင်၌ နံနက် ၈နာရီ ၁၅မိနစ်တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အပြားသည် အလုပ်လျှောက်ထားရေးအတွက် တန်းစီစောင့်ဆိုင်းလျက်ရှိကြရာအီရတ်အစိုးရအဖွဲ့သစ်သို့မဟုတ် နိုင်ငံစုံတပ်ဖွဲ့၌ အလုပ်လျှောက်ထားခြင်းဖြစ်မည်ဟု ယူဆရဖွယ်ရှိသည်။

## သေဆုံး

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အီရတ်အမျိုးသား အစောင့် တပ်ဖွဲ့ဝင်လေးဦးနှင့် အီရတ်အရပ်သား ခုနစ်ဦး သေဆုံးခဲ့ကြောင်းအမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဗုံးဖောက်ခွဲချိန်၌ အရပ်သားအများ

## ပြောကြား

မိမိတို့ မြေကြီးပေါ်သို့ လဲကျကုန်ကြောင်း၊ ထို့နောက်တွင် မြေပေါ်၌ လူအများအပြားသေဆုံးနေကြသည်ကို မိမိတွေ့ခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူ အယ်လာဟက်ဆန်က ပြောကြားသည်။ **(အင်တာနက်)**

## စောင့်ကြပ်

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးအနီး လုံခြုံရေး စောင့်ကြပ် နေသော အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးကို ဇူလိုင်၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တိုက်ဂရစ်မြစ်တစ်လျှောက်နေထိုင်ကြသည့်အီရတ်ပြည်သူများ ရေထုညစ်ညမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရ

ဘဂ္ဂဒက် ဇူလိုင် ၁၃

**အီရတ်နိုင်ငံရှိ တိုက်ဂရစ်မြစ် ကမ်းရိုးတစ်လျှောက် နေထိုင်ကြသူ အီရတ်များစွာသည် ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရေထုညစ်ညမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရှိရသည်။**

တိုက်ဂရစ်မြစ်ထဲတွင် မိလ္လာအညစ်အကြေးများစွာနှင့် ပြည့်နှက်နေခြင်း ကြောင့် မြစ်ရေများလုံးဝညစ်ညမ်းနေကြောင်း စက်ရုံထုတ်စွန့်ပစ်ပစ္စည်းများ နှင့် ရေမှော်ပင်ဒိုက်ပင်များစွာကို မြစ်အတွင်းတွေ့မြင်နိုင်ကြောင်း ၎င်းမြစ်မှ ဖမ်းယူရရှိသော ငါးများမှာ သန့်ရှင်းမှု မရှိဘဲ ရေနံဆီအနံ့ရနေခြင်းကြောင့် မြစ်ကို အမှီပြုစားသုံးနေရသူများသည် များစွာဒုက္ခရောက်ရလျက်ရှိကြောင်း တံငါသည်များက ပြောကြားခဲ့ကြသည်။

## မလည်ပတ်နိုင်

အဆိုပါ မြစ်မှရေသည် အီရတ်ပြည်သူတို့အတွက် သောက်သုံးရေ ထုတ်လုပ်ရာ အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ရေသန့်စင်ရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် စက်များလည်ပတ်နိုင်ရန် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် လည်ပတ်နိုင်ခြင်းမရှိကြောင်း၊ မြို့တော်၏ မိလ္လာရေဆိုးပြန်လည်သန့်စင်ရေး အစီအစဉ်သုံးခုထဲမှ နှစ်ခုအား အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ သို့သော် မလည်ပတ်နိုင်သေးကြောင်း သိရသည်။

## ဆောင်ရွက်ခဲ့

၎င်းသန့်စင်ရေးလုပ်ငန်းများကို လာမည့် အောက်တိုဘာလ၌ လည်ပတ်နိုင်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ တိုက်ဂရစ်မြစ်ရေ စူးစမ်းလေ့လာရေးကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

# အီရတ်နိုင်ငံဆိုင်ရာ ကုလအထူးကိုယ်စားလှယ် အတွင်းရေးမှူးချုပ် ကိုဖီအာနန်ခန့်အပ်

ကုလသမဂ္ဂ ဇူလိုင် ၁၄

**အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန် သံမတ်ကြီးအား ခန့်အပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သဘောတူလိုက်ပြီဖြစ်သည်။**

ပါကစ္စတန်သံအမတ်ကြီး အာရှဖ်ဂျဟန်ဂီကွာဇီသည် အသက်၆၂ နှစ်ရှိပြီဖြစ်ပြီး ၎င်းသည်ကုလသမဂ္ဂ အမေရိကန်နိုင်ငံဆိုင်ရာ သံမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ တရုတ်၊ ရုရှား ၊အရှေ့ဂျာမနီနှင့် ဆီးရီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရသည်။

၎င်းအထူးကိုယ်စားလှယ်သည် ဘဂ္ဂဒက်မြို့၌ အခြေစိုက်နေထိုင်မည်ဖြစ်ပြီး အီရတ်နိုင်ငံ လုံခြုံရေးအခြေအနေတိုးတက်လာမှသာ ကုလသမဂ္ဂဝန်ထမ်း အမြောက်အမြားကို အီရတ်သို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားသည်။

အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသော ပါကစ္စတန်လူမျိုး အာရှဖ်ဂျဟန်ဂီကွာဇီသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လ၌ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု၌ သေဆုံးသွားခဲ့သူ ၂၂ဦးတွင် ပါဝင်ခဲ့သည့် ဆာဂျီယိုဒီမဲလို၏ ရာထူးနေရာကို ဆက်လက်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(စီစီတီဗီ)**

# အီရတ်ပြန်လည်ထူထောင်ရေး ကတိပြုထားသည့်ငွေများ တဖြည်းဖြည်းချင်းသာ ကူညီထောက်ပံ့ပေးနေ

ဝါရှင်တန် ဇူလိုင် ၁၃

**အီရတ်ပြန်လည်တည်ဆောက်ရေးကိုအကူအညီပေးရန် လွန်ခဲ့သည့် အောက်တိုဘာလ၌ ကတိပြုခဲ့ကြသောနိုင်ငံများသည် ၎င်းတို့ပေးထားသည့်ကတိများကို တဖြည်းဖြည်းချင်း ဖြည့်စွမ်းပေးခဲ့ကြသည်။**

လွန်ခဲ့သည့်နှစ်က မက်ဒရစ်တွင် ကျင်းပခဲ့သော ညီလာခံ၌ အမေရိကန် ပြည်ထောင်စု အပြင်အခြားနိုင်ငံများကချေးငွေနှင့်ကူညီထောက်ပံ့ငွေ ဒေါ်လာ ၁၃ဘီလီယံအာမခံခဲ့ကြသည်။

## ထည့်သွင်း

ထိုသို့အာမခံခဲ့ကြသော်လည်း ဒေါ်လာ တစ်ဘီလီယံသာလျှင် ကမ္ဘာ့ဘဏ်နှင့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂ ရန်ပုံငွေသို့ ထည့်သွင်းခဲ့ကြသည်။

## ဖယ်ထား

အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၁၈ဒသမ၄ဘီလီယံအာမခံခဲ့သော်လည်းဒေါ်လာခြောက်ဘီလီယံခန့်ကိုသာအီရတ်ပြန်လည်တည်ဆောက်ရေးအတွက် သီးသန့်ဖယ်ထားခဲ့သည်။

## စောင့်ဆိုင်း

အီရတ်နိုင်ငံအား အကူအညီပေးလိုကြသော နိုင်ငံအများအပြားက အီရတ်အစိုးရဖွဲ့စည်းရေးအတွက် ၎င်းတို့စောင့်ဆိုင်းနေကြကြောင်း အရှေ့အလယ်ပိုင်း အဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝပ်အက်စ်ဝေါလ်ကာက အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

အီရတ် ကြားဖြတ်အစိုးရက လွန်ခဲ့သည့်နှစ်ပတ်၌ အီရတ်နိုင်ငံကို ထိန်းချုပ်ခဲ့သော်လည်း ဝေါလ်ကာက ဇန်နဝါရီလ၌ ရွေးကောက်ပွဲများ အီရတ်တွင် ကျင်းပသည့်အချိန်ထိ အလှူရှင်နိုင်ငံများ စောင့်ဆိုင်းနေသည်ဆိုခြင်းကို မိမိ မသိကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

**အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြနေသူများကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇူလိုင်၁၃ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ အင်တာနက်)

# ဖမ်းဆီးထားသော ဘူလ်ဂေးရီးယား ဓားစာခံတစ်ဦး အသတ်ခံလိုက်ရပြီဟု အယ်လ်ဂျာဇီးယားက ကြေညာ

ဘဂ္ဂဒက် ဇူလိုင် ၁၄

**အီရတ်နိုင်ငံ မိုဆူးလ်၌ပြီးခဲ့သော ပြန်ပေးဆွဲခြင်းခံခဲ့ရသည့် ဘူလ်ဂေးရီးယားအရပ်သားအလုပ်သမားနှစ်ဦးအနက်တစ်ဦးမှာ သတ်ဖြတ်ခြင်းခံခဲ့ရပြီးဖြစ်ကြောင်း အယ်လ်ဂျာဇီးယား ရုပ်သံလွှင့်ဌာနက သတင်းထုတ်လွှင့်ခဲ့ပြီးနောက် ၎င်းသည် ဘူလ်ဂေးရီးယားလူမျိုး တစ်ဦးဖြစ်ကြောင်း ဘူလ်ဂေးရီးယားအစိုးရက အတည်ပြောကြားလိုက်သည်။**

ဘူလ်ဂေးရီးယားလူမျိုးနှစ်ဦးကို အယ်လ်ဇာကာဝီနှင့် ဆက်သွယ်မှုရှိသည့် အုပ်စုတစ်စုက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၎င်းတို့အထဲမှ တစ်ဦးအား သတ်ပစ်လိုက်ပြီဖြစ်ကြောင်း ရုပ်ပုံများပါရှိသည့် တိပ်ခွေကို အယ်လ်ဂျာ ဇီးယား ရုပ်သံလွှင့်ဌာနက လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဘူလ်ဂေးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကျန်ဓားစာခံတစ်ဦးလွတ်မြောက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဤအတောအတွင်း အခြားတပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီး ထားသော ဖိလစ်ပိုင်ဓားစာခံကို ၎င်းအဖွဲ့က ဆက်လက်ဖမ်းဆီးထားဆဲဟု ယုံကြည်ရကြောင်း သိရှိရသည်။ အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ မရုပ်သိမ်းခဲ့လျှင် ၎င်းဖိလစ်ပိုင် ထရပ်ကားမောင်းသူအား သတ်ဖြတ်မည် ဖြစ်ကြောင်း ၎င်းအဖွဲ့က ခြိမ်းခြောက်ပြောကြားခဲ့သည်။ ဖိလစ်ပိုင်တာဝန်ရှိသူများက ၎င်းအား အသက်အန္တရာယ်မှ လွတ်မြောက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **(စီအင်န်အင်န်)**

**■ ကျောဖုံးမှ**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီး များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော် ထောက်လှမ်း ရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် အရာရှိ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)**

ကြီးများတက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ် ဦးစီးချုပ် General Dato' Seri Mohd Azumi Bin Mohamed နှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှား နိုင်ငံသံရုံးမှ Defence Advisor Colonel Hj. Abbas bin Hj. Mat နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာတွင်ညစာသုံးဆောင်နေစဉ် အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အဆိုအတီးများဖြင့် လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် အကပဒေသာများဖြင့် လည်းကောင်း သီဆိုကပြ ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

**ဇူလိုင် ၁၅ရက်က အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် ဇနီးတို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ 58th Birthday of His Majesty The Sultan and Yan Di-Pertuan of Brunei Darussalan 15th July 2004 အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက် လာရာ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ် H.E. Pehin Dato Haji Hussin Bin Haji Sulaiman ကကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ခုနှစ် ကာကွယ်ရေး ဦးစီး ချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်း အနားကို ဇူလိုင်၉ရက်က မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် (အင်းလျားကန်)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း တက် ရောက်အမှာ စကားပြောကြားပြီးပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင် တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိ ကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်အားပေး ကြသည်။

### ဆုများပေးအပ်

ထို့နောက် ဗိုလ်လုပွဲများကို ကျင်းပရာ အငယ်တန်းမီတာ (၁၅၀၀) အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ အငယ်တန်းမီတာ(၁၀၀၀) အပြည် ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ၊ ကယက် နှစ်ယောက်လှော် မီတာ(၁၀၀၀) ပြိုင်ပွဲနှင့် ကယက်တစ်ယောက်လှော် မီတာ(၅၀၀)ပြိုင်ပွဲများတွင် အနိုင်ရရှိ ကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်၍ ကာကွယ် ရေးဦးစီးချုပ်(ရေ)ကိုယ်စား စစ်ဦးစီး အရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း က ၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်လှေလှော်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲ သွားသည့် အမှတ်(၁) ဗျူဟာ စစ်ရေယာဉ်စု အသင်းအား တံခွန်စိုက် ဒိုင်းဆုကြီးကို ပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သီတဂူဆရာတော်ကြီးနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ကြွရောက်တော်မူ

**ရန်ကုန် ဇူလိုင် ၁၅**

ထိုင်းနိုင်ငံတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာထေရဝါဒနှင့်မဟာ ယာနဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပည့်ဒါယကာ၊ ဒါယိကာမများက အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရဦးဆောင်သော အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဌာနမှူး ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၊ သီတဂူ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ ဆရာတော်ဘဒ္ဒန္တသြဝါဒစာဂရနှင့်သာသနာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

## စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၁၅**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ (၁) အမှတ်(၈)ကို ယနေ့ထုတ်ဝေ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ် မြတ်သူ၊ ရှင်ပညာဇောတ၊ ရည်မွန် အောင်(ပြည်တက္ကသိုလ်)၊ သိပ္ပံမင်း လွင်၊ H.K မကြီး၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ကနောင်မောင်မောင်၊ တက္ကသိုလ်လုကြွယ်၊ အောင်ကျော်ဖြိုး၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မောင် မောင်သိန်း(ဇီးကုန်း)၊ အောင်ချမ်းသာ၊ သူရိန်ဝင်း၊ ညွန့်ဟံ(ကြူတော)၊ ကြည် လင်း(ဆေး)၊ ရာဇာ(ဘိုကလေး)၊ ဘို ဌေး(တနင်္သာရီ)တို့၏ မှတ်ဖွယ်သုတ ရသဆောင်းပါးများ၊ မြဝတ်ရည် (ကျောက်ဆည်)၊ ရေနံ့သာမောင် ကျော်ညွန့်၊ ထီးချိုင့်နတ်စိုးတို့၏ ကဗျာ များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်း ရင်းဆေး၊ ဗေဒင်၊ မိုးလေဝသ၊ ကုန် ဈေးနှုန်းသတင်းများ၊ သရုပ်ဖော်ပန်းချီ ကာတွန်း စသည်ဖြင့် စုံလင်စွာ ဖော် ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုး စာပေ၊ ဆင်တောင်ကြီးစာပေ၊ ဝါမိုး အောင်စာပေ၊ သတင်းနှင့် စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန်အရောင်း ဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်း သိ ရသည်။

**(က-ပ)**

## ကွက်ကျားမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

# မြန်မာနိုင်ငံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင်အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့်စေတနာရှင်များစာအုပ်စာတမ်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စေတနာရှင်များလှူဒါန်းသည့် စာအုပ်စာတမ်းများကို ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနများသို့ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိတပ်မတော် ဧည့်ဂေဟာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကျော်ဝင်းက အလှူရှင်များကိုယ်စား စာအုပ်များပေးအပ်လှူဒါန်းသည်။**

**မြန်မာနိုင်ငံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်များလှူဒါန်းသည့် စာအုပ်စာတမ်းများလွှဲပြောင်းပေးအပ်ပွဲတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက စာအုပ်များပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးညွန့် လက်ခံယူစဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းက စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်လာကြသောသက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေသော Myanmar Youth Association မှ အဖွဲ့ဝင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်နှင့် မိတ်ဆက်ပေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်က Myanmar Youth Association ကိုယ်စား စာအုပ်များလှူဒါန်းရခြင်းနှင့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍတွင် အမေရိကန်ပြည်ထောင်စုမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိနေသော အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဝင်းက စာအုပ်များ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက လက်ခံကြသည်။

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားခြင်းခံရသော ဧည့်သည်များက လှူဒါန်းသည့် စာအုပ်စာတမ်းများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ စာအုပ်များမှာ မြန်မာနိုင်ငံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသုံးပြုရန်အတွက် အမေရိကန်ပြည်ထောင်စုတွင် ပညာသင်ကြားပို့ချနေသော မြန်မာနိုင်ငံသူနိုင်ငံသား၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် မိဘများဖြင့် ဖွဲ့စည်းထားသော လူမှုရေးအသင်း (Myanmar Youth Association) နှင့် အမေရိကန် မိတ်ဆွေများနှင့် မိသားစုများက ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိကြသော ၎င်းတို့၏ ညီအစ်ကိုမောင်နှမ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအထောက် အကူပြုစေလိုသည့် စေတနာဖြင့် လှူဒါန်းခြင်းဖြစ်သည်။ ယင်းအဖွဲ့မှ ၂၀၀၂ခုနှစ် မတ်လနှင့် ဒီဇင်ဘာတွင် နှစ်ကြိမ်၊ ၂၀၀၃ခုနှစ် မေနှင့် စက်တင်ဘာတွင် နှစ်ကြိမ်၊ ယခုနှစ်မေတွင် တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်း ခြောက်ကြိမ် ပေးအပ်လှူဒါန်းခဲ့ပြီး မကြာမီလည်း ထပ်မံလှူဒါန်းနိုင်ရန်အတွက်စာအုပ်စာတမ်းများ မြန်မာနိုင်ငံသို့ ဆက်လက်ရောက်ရှိလာဦးမည်ဖြစ်ကြောင်း သိရှိရသည်။

စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့်ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော အမေရိကန်ပြည်ထောင်စုမှ Myanmar Youth Association; Teachers Across Borders (U.S.A); People to People Group; Myanmar Women(New York) အဖွဲ့အစည်းမှ အဖွဲ့ဝင်ပညာရှင်များလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် စေတနာရှင်များလှူဒါန်းသည့် စာအုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက စာအုပ်များပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာနမှ လက်ခံယူစဉ်။** (သတင်းစဉ်)

### ရှင်းလင်းတင်ပြ

**မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုရန် ကာကွယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် စေတနာရှင်များ လှူဒါန်းသည့် စာအုပ်စာတမ်းများလွှဲပြောင်း ပေးအပ်ပွဲတွင် Myanmar Youth Associationမှ အဖွဲ့ဝင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်က အဖွဲ့ကိုယ်စားစာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

---

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

---

# အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ သမဝါယမဝန်ကြီးဌာနတွင် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက် ၉နာရီခွဲက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန(ဆရာစံပလာဇာ)ဒုတိယထပ်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ ရှင်းလင်းဟောပြောသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူးဒေါက်တာ ဒေါ်ခင်မာထွန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အမျိုးသမီးဝန်ထမ်းများနှင့် အမျိုးသမီးသမဝါယမအသင်းများဖြစ်သော မင်္ဂလာမေအမျိုးသမီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်မှု သမဝါယမအသင်းလီမိတက်၊ စန္ဒီဒေဝီအမျိုးသမီးကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း၊ သီရိမေအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်း လီမိတက်၊ ဒေါပုံမြို့နယ် မေတ္တာရှင်အမျိုးသမီးများ သမဝါယမအသင်း၊ လှိုင်သာယာမြို့နယ် မေတ္တာရှင်အမျိုးသမီးများ သမဝါယမအသင်း၊ ကျောက်တန်းမြို့နယ် မေတ္တာရှင်အမျိုးသမီးများ သမဝါယမအသင်း၊ အမျိုးသမီးအနုပညာရှင်များ သမဝါယမအသင်းတို့မှ အမှုဆောင်များ စုစုပေါင်း ၅၁၄ဦး တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်ရည်ရွယ်ချက် ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ ခု၏ လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့်ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

၎င်းနောက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်နီနီဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် သမဝါယမ ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်တစ်သိန်းနှင့် သမဝါယမဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်သည်။ ဆက်လက်၍ မင်္ဂလာမေအမျိုးသမီးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်မှု သမဝါယမအသင်းလီမိတက် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွက် လှူဒါန်းငွေ ကျပ်ငါးသောင်းကို ဒုတိယ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်လှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသရေရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မကွေးတိုင်း အောင်လံမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဤသို့ကျင်းပခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် နန်းမားကျေးရွာအုပ်စု အလယ် တောကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းကို ဤသို့ဆောင်ရွက်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

မကွေးတိုင်း ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နရွဲတော ကျေးရွာတွင် ဤသို့ စက်ရေတွင်းတူးဖော်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပဲခူးတိုင်း တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ ကျေးလက်စေတနာဆေးပေးခန်းနှင့် သားဖွားခန်းတွင် စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်း ဤသို့တူးဖော်ပေးခဲ့သည်။(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

မန္တလေးတိုင်း အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု စာတိုးကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဤသို့ဆောင်ရွက်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

မကွေးတိုင်း ချောက်မြို့နယ် ပြည့်ပင်ကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းတူးဖော်၍ ကျေးရွာရေရရှိရေး ဤသို့ဆောင်ရွက်ပေးခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း- နယ်စပ်/စည်ပင်)

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

❒ **ကျောဖုံးမှ**

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ အလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို နံနက် ၇ နာရီတွင် အဆိုပါကျောင်း၌ စတင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဗိုလ်မှူးစောထွန်းကျော် (အငြိမ်းစား)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသား ကျောင်းသူများ၊ ကျောင်းဆောင်သစ် အလှူရှင်နှင့် တာဝန်ရှိသူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်း၏မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ ပညာရေး ဆောင်ပုဒ်တို့ကို ထန်းတပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ထူးချွန်ကျောင်းသား ကျောင်းသူများက ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်ကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊

အိမ်တွင်းမှုခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ကျောင်း၏လှိုင်ရတနာ ခန်းမ၌ ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား၊ ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဂီတ အနုပညာများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်

## လေ့ကျင့်သင်ကြားပေး

ယနေ့ကဲ့သို့ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်၍လည်း စာသင်ချိန်နည်းနည်းအတွင်းဘာသာရပ်အသီးသီးကိုများများသင်ယူတတ်မြောက်နိုင်အောင် လေ့ကျင့်သင်ကြားပေးနိုင်လျက်ရှိပြီဖြစ်ကြောင်း။

ယင်းပညာတတ်များက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်သွားရမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဒေသအလိုက်အသိပညာရှင်၊အတတ်ပညာရှင်စသည့်ပညာတတ်များမွေးထုတ်နိုင်ရေးအတွက် ဆက်လက်အားပေးပျိုးထောင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**

**(သတင်းစဉ်)**

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းသော ငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းယုတင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မာလ်တီမီဒီယာ စာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် Electronic Media Video Room, Language Lab Room, Computer Aided Instruction Room, Computer Application Room, Electronic Media Audio Room, Reading Corner Room နှင့် ပန်းချီခန်း၊

အနေဖြင့် ပညာရေးကဏ္ဍဘက်စုံ ပညာထူးချွန်ရေးအတွက် ရည်မှန်းချက်များစနစ်တကျချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ရာနှုန်းပြည့်နီးပါးကျောင်းနေ

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးကိုလည်း မိဘများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းမှုများဖြင့် ဆောင်ရွက်ခဲ့ရာ ၉၆ ရာခိုင်နှုန်းနီးပါး ပြည့်ဆည်းနိုင်ခဲ့သဖြင့် ကျောင်းနေအရွယ်ကလေးများ ရာခိုင်နှုန်းပြည့်နီးပါးကျောင်းနေနိုင်ပြီဟု ဆိုနိုင်ကြောင်း။

အလားတူ မူလတန်းအောင်မြင်သည့်ကျောင်းသား ကျောင်းသူများသည်လည်း အလယ်တန်းပညာကို လက်လှမ်းတမီ ဆက်လက်ဆည်းပူးနိုင်ကြပြီဖြစ်ကြောင်း။

လစဉ် ဆန်းစစ်ခြင်းနှင့် စဉ်ဆက်မပြတ်အကဲဖြတ်ခြင်းတို့ဖြင့် ကျောင်းသားများအား အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးနိုင်ရုံမက အများကောင်းကျိုး လိုလားသူများ၊ အနာဂတ်အတွက် အားထားရသူများ၊ ဘက်စုံထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်တို့အတွက် ကျောင်းသား၊ မိဘနှင့်ဆရာ သုံးဦးသုံးဖလှယ် ပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

## ပညာတတ်များပေါ်ထွက်

အခြေခံပညာ ကဏ္ဍ၌သာမက ဒေသအသီးသီးတွင် အဆင့်မြင့်ပညာများကို သင်ယူနိုင်အောင် နိုင်ငံတော်ကအဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်၏အားပေးပံ့ပိုးမှုများဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များစတင်ပေါ်ထွက်လာနေပြီလည်းဖြစ်ကြောင်း။

ပညာရေးတွင်သာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီး၌လည်း ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကောင်းများ အသီးအပွင့်ကောင်းများရရှိနေပြီဖြစ်ကြောင်း။

ယခုအခါ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးဦးတည်ချက်များကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍လက်တွေ့အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဖွဲ့နုဆီစက်များနှင့် ဆန်ပြန်လည်ကြိတ်ဖွပ်ရောနှောစက်ရုံ လှည့်လည်ကြည့်ရှုစစ်ဆေး

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၀၁) ဖွဲ့နုဆီစက်ရုံ(လှိုင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၁၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဖွဲ့နုဆီစက်များနှင့် ဆန်ပြန်လည်ကြိတ်ဖွပ် ရောနှောစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။**

## တာဝန်ရှိသူများကြိုဆို

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ အမှတ်(၀၃)ဖွဲ့နုဆီစက်ရုံ(အင်းစိန်)သို့ ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဝန်ကြီးဗိုလ်မှူးချုပ် ပြည့်စုံက နိုင်ငံတော်၌ စားသုံးဆီဖူလုံစေရေးဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဖွဲ့နုဆီစက်ရုံများက စားသုံးဆီများထုတ်လုပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ စားအုန်းဆီကြမ်းမှ ဆီသန့်ထုတ်လုပ်နိုင်ရေးအတွက် ဤစက်ရုံတွင် တီထွင်စမ်းသပ်ထုတ်လုပ်ထားမှုများကိုလည်းကောင်းပဏာမရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းလှအောင်က အမှတ်(၀၃)ဖွဲ့နုဆီစက်(အင်းစိန်)နှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ ၁၉၆၄ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ခဲ့မှု၊ဘဏ္ဍာနှစ်အလိုက် ဖွဲ့နုစားဆီ ထုတ်လုပ်ပေးနိုင်မှုများ၊ လတ်ဆတ်ဖွဲ့နုများ အလုံအလောက်ရရှိရန်လိုအပ်ပုံများ၊ စက်ရုံ၌ လိုအပ်သောစက်ကိရိယာပစ္စည်းများ တီထွင်တပ်ဆင်ပြီး စားအုန်းဆီသန့် ထုတ်လုပ်ပေးနိုင်မှုများနှင့် စားအုန်းဆီသန့်ဆက်လက် ထုတ်လုပ်ပေးနိုင်ရေးအတွက် စားအုန်းဆီ အကြမ်းများအဆက်မပြတ်ရရှိရန် လိုအပ်နေပုံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မေးမြန်းမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## စားအုန်းဆီထုတ်လုပ်

အမှတ်(၀၃) ဖွဲ့နုဆီစက်(အင်းစိန်)၏ ဆီကြမ်းထုတ်စက် စက်ကြိတ်အင်အားမှာ ၂၄ နာရီ ဖွဲ့နု ၂၅ တန်ဖြစ်ပြီး ဆီသန့်စင်စက် စက်ကြိတ်အင်အားမှာ ၂၄ နာရီ ဖွဲ့နုဆီကြမ်း ၁၀တန်ဖြစ်သည်။ ဤစက်ရုံမှ ဖွဲ့နုဆီသာမက စားအုန်းဆီသန့်ကိုပါ ထုတ်လုပ်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအမှတ်(၀၁)ဖွဲ့နုဆီစက်ရုံ(လှိုင်)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အမှတ်(၀၁)ဖွဲ့နုဆီစက်(လှိုင်)စက်ရုံမှူး ဦးမြင့်စိုးက ဤစက်ရုံကို ၁၉၆၂ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပါကြောင်း၊ စက်ရုံ၏ဆီကြမ်းထုတ်စက် စက်ကြိတ်အင်အားမှာ ၂၄ နာရီ ဖွဲ့နုတန် ၂၀ နှင့် ဆီသန့်စင်စက် စက်ကြိတ်အင်အားမှာ ၂၄နာရီ ဖွဲ့နုဆီကြမ်း ၁၀တန် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

## လှည့်လည်စစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဖွဲ့နုဆီထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ် ဆိပ်ကမ်းရှိ အမှတ် ၂၇၂ တန် ၃၆၀ ဆန် ပြန်လည်ကြိတ်ဖွပ်ရောနှော စက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးမောင်မြင့်က စက်ရုံ၏ သမိုင်းကြောင်းနှင့် ဆန်များ ကြိတ်ဖွပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုမှာကြားပြီး စက်ရုံမှ ကြိတ်ဖွပ်ထားသည့် ဧည့်မထဆန် နမူနာများကိုလည်းကောင်း၊ စက်ရုံလည်ပတ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

အမျိုးသားညီလာခံကြီးကို ပထမအဆင့်အဖြစ် အောင်မြင်စွာ ကျင်းပနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များကို အဆင့်အလိုက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက်ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာကြီး ဦးနေထွန်းအား ပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လှူဒါန်းငွေကျပ် သုံးသိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ လှူဒါန်းငွေကျပ် တစ်သိန်းတို့ကို တာဝန်ရှိသူများက အတွင်းရေးမှူး(၁)ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာနချုပ်က ငွေကျပ် ၆၂၃၃၈၀နှင့် ပညာရေးဝန်ကြီးဌာနက ငွေကျပ် ၁၅သိန်း ၇သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)က လက်ခံသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်မြို့တော်ဝန်က ငွေကျပ် ၅၆၀၀၀၀၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ၂၇၆၃၀၇၂ ကျပ်၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀သိန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၅၀၀၀၀၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၂၈၉၀၀၀၊ ဦးစိုးလွင်က ငွေကျပ် ၂၀၀၀၀၀၊ ဦးဆာမိက ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်ဝင်းဝင်းခိုင်က ငွေကျပ် ၁၅၀၀၀၀၊ဦးဌေးမြင့်အောင်က ငွေကျပ် ၁၀၀၀၀၀၊ ဦးကျော်ဝင်းက ငွေကျပ် ၉၂၂၀၀ကျပ်၊ ဦးစိုးဝင်း-ဒေါ်အေးအေးငြိမ်းက ငွေကျပ် ၃၀၀၀၀၀ တို့ကို တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ ပေးအပ်လှူဒါန်းကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးသိန်းရီနှင့် ကျောင်းအုပ်ဆရာကြီး ဦးနေထွန်းတို့က မာလ်တီမီဒီယာ စာသင်ခန်းများ ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလှူရှင် ဗိုလ်မှူးစောထွန်းကျော်(ငြိမ်း)က ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူအား လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်သစ်မှာ အလျား ၉၈ ပေ၊ အနံ ၂၅ ပေရှိ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စာသင်ခန်းရှစ်ခန်းပါရှိသည်။ ကျောင်းဆောင်သစ်ကို ငွေကျပ် ၂၁၈ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ထန်းတပင်မြို့မှ ဦးလှသွေး-ဒေါ်ကြည်မြင့်တို့က ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ငွေကျပ် တစ်သိန်း တန်ဖိုးရှိ ဗလာစာအုပ်များကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်မြကျင်က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားသည်။

## မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့မှ ပြန်လည်ထွက်ခွာ၍ ထန်းတပင်-ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်လမ်းနှင့် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအပြီးတွင် ကျောင်းဆောင်သစ်အတွင်း ပညာသင်ကြားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

# ဘိန်းဇာတ် ဘယ်သူစ နယ်ချဲ့စ၊ ဘိန်းဇာတ် ဘယ်သူသိမ်း ဖွံ့ဖြိုးဆဲနိုင်ငံတို့သိမ်း

ဤကမ္ဘာမြေတွင် "မူးယစ်ဆေးဝါးအစ ကမ္ဘာ့အနောက်ခြမ်းက"ဟု ဆိုရလောက်အောင် ဘိန်း၊ ကိုကင်း၊ ဆေးခြောက်၊ ဓာတုဗေဒပစ္စည်းများဖြင့် ဖော်စပ်သည့် မူးယစ်ထုံထိုင်းပြီး စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးများမှာ ကမ္ဘာ့အနောက်ခြမ်းတွင် သန္ဓေတည်ပေါက်ဖွားခဲ့ကြောင်း မူးယစ်ဆေးဝါးသမိုင်းများက ဖော်ပြနေပေသည်။

ဘိန်း၊ ကိုကင်း၊ ဆေးခြောက်တို့မှာ သဘာဝအလျောက် ပေါက်ရောက်သည့် အပင်များဖြစ်သည်။ ထိုဘိန်းပင်၏ ဘိန်းသီးမှခြစ်ယူသောအစေး(ဘိန်း)သည်လည်းကောင်း၊ ကိုကာပင်မှ ကိုကာရွက်သည်လည်းကောင်း၊ ဆေးခြောက်ပင်မှ အရွက်များသည်လည်းကောင်း သဘာဝအားဖြင့် မူးစေ၊ ယစ်စေ၊ စိတ်ကိုပြောင်းလဲစေသော သတ္တိများရှိသည်။ ထိုဘိန်းစေးမှ ဘိန်းဖြူ၊ ကိုကာရွက်မှ ကိုကင်းစသည်တို့သည် ယစ်မူးမှု ဒီဂရီမြင့်မားလာစေသဖြင့် အန္တရာယ်ရှိသော မူးယစ်ဆေးအဆင့် ရောက်ရသည်။

ဘိန်းကို လွန်ခဲ့သည့်နှစ်ပေါင်း ငါးထောင်ခန့်မှစပြီး အီဂျစ်နိုင်ငံ လူကုံထံအသိုင်းအဝိုင်းတွင် သုံးစွဲနေကြပြီဖြစ်ကြောင်း တွေ့ရှိလာရသည်။ မြေထဲပင်လယ်တစ်ဝိုက်တွင် ဘိန်းပင်များအလေ့ကျ ပေါက်ရောက်ခဲ့သည်။ ဘိန်းသည် ရောဂါဝေဒနာ၊ နာကျင်ကိုက်ခဲမှု ပျောက်ကင်းစေကြောင်း ဂရိရှေးဟောင်းသမားတော်ကြီးများက သိခဲ့ကြသည်။ ဆေးဝါးကောင်းတစ်လက်အဖြစ် သုံးခဲ့သည်။

ခေတ်သစ်ကမ္ဘာတွင် ဥရောပမှ အင်္ဂလိပ်လူမျိုး၊ ဂျာမန်လူမျိုးများသည် ဘိန်းမှ မော်ဖင်း၊ ဘိန်းဖြူများ ဖော်စပ်လာနိုင်ကြသည်။ မော်ဖင်းသည် ရိုးရိုးဘိန်းထက် အာနိသင် ၁၀ ဆပြင်းသည်။ ဘိန်းဖြူသည် မော်ဖင်းထက် ၁၀ဆ၊ ရိုးရိုးဘိန်းထက် အဆ ၁၀၀ အာနိသင်ပြင်းသည်။ ထိုဘိန်းဖြူကို ဆေးဝါးအဖြစ် သုံးသင့်ကြောင်း အမေရိကန်ဆေးပညာရှင်များအသင်းကြီးက ထောက်ခံချက်ပေးခဲ့သည်။

ဂျာမနီနိုင်ငံ ဘေယာဆေးကုမ္ပဏီကြီးက ဘိန်းအခြေခံ ဆေးဝါးအမျိုးအစားရာပေါင်းများစွာ ထုတ်လုပ်ရောင်းချ စီးပွားဖြစ်ခဲ့သည်။ ထိုဆေးများကို သုံးရင်း လူအများဆေးစွဲလာသည်၊ ဘိန်းစွဲလာသည်။

ကိုကာရွက်သည် အမေရိကတိုက်အလယ်ပိုင်း၊ တောင်ပိုင်းတို့၌ အလေ့ကျပေါက်ခဲ့သည်။ ဒေသခံ အင်းဒီးယန်းမျိုးနွယ်များ၊ ရှေးမာယာလူမျိုးနွယ်များသည် ဘာသာရေး(နတ်)ပွဲများ၌ ကိုကာရွက်ကိုဝါးကာ ယစ်တစ်တစ်၊ စိတ်ကြွတတ ဖြစ်လာကာ စိတ်လွတ်လက်လွတ် ကခုန်ကြသည်။ ကိုကာရွက်၏ ယစ်စေသောသတ္တိကိုသိပြီး အနောက်တိုင်းသိပ္ပံပညာရှင်များကပင် ကိုကင်း မူးယစ်ဆေး ဖော်စပ်တော့သည်။

ဆေးခြောက်ပင်သည်လည်း စားမိသူ၊ အငွေ့ရှူမိသူတို့အား ယစ်စေသည်။ အနောက်နိုင်ငံများစွာနှင့် အာဖရိကတိုက်၊ အာရပ်နိုင်ငံများတွင် ပေါက်ရောက်သည်။ ထိုဘိန်းများ၏ အစေ့များကို ကမ္ဘာ့အရှေ့ခြမ်းသို့ နယ်ချဲ့သမားများဖြစ်သည့် ဗြိတိသျှ၊ ဒတ်ချ်၊ ပေါ်တူဂီတို့ သယ်ဆောင်လာသည်။ ဒေသခံများအား ဘိန်းစွဲစေကာ လူညွန့်တုံးစေရန်၊ နယ်ချဲ့တို့အား ခုခံနိုင်စွမ်း မရှိစေရန် ဘိန်းစားဇာတ်သွင်းခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဘိန်းဖြင့်စီးပွားရှာ အမြတ်ထုတ်လာသည်။ တရုတ်ပြည်တွင် ဘိန်းစစ်ပွဲဖြစ်သည်အထိ နယ်ချဲ့တို့၏ ဘိန်းလက်နက်ဒဏ် တရုတ်တို့မခံနိုင်ဘဲ တော်လှန်ခဲ့ကြရသည်။

နယ်ချဲ့သမားများ (အထူးသဖြင့် ဗြိတိသျှတို့)သည် ရွှေတြိဂံ၊ ရွှေလခြမ်းဒေသနိုင်ငံများတွင် ဘိန်းစိုက်စေခဲ့သည်။ ထိုဘိန်းဝင်ငွေများဖြင့် ဗြိတိသျှနေမဝင်အင်ပါယာ၏ ဘဏ္ဍာတိုက်သို့ ပြည့်လျှံစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒေသခံနိုင်ငံများ၌ ဘိန်းခန်းများဖွင့်ပေးကာ ဘိန်းစားထူပြောအောင် အကွက်ဆင်ခဲ့သည်။

ရွှေတြိဂံဒေသအပါအဝင်ဖြစ်သော မြန်မာနိုင်ငံနယ်စပ်ဒေသမှ ဘိန်းခင်းများသည် ဗြိတိသျှတို့၏ ဘိန်းခင်းများဖြစ်ခဲ့သည်။ ထိုဗြိတိသျှဘိန်းခင်းများကို ဆက်လက်ရှင်သန်အောင် လုပ်ဆောင်စီးပွားရှာခဲ့သူများမှာ ကေအမ်တီ တရုတ်ဖြူ ကျူးကျော်သူများဖြစ်သည်။ ၎င်းတရုတ်ဖြူများအား ဘိန်းရိုးရိုးမှ ဘိန်းဖြူအဖြစ် ချက်လုပ်တတ်အောင် သင်ကြားပေးပြီး လိုအပ်သမျှထောက်ပံ့ပေးခဲ့သည်မှာ အမေရိကန် စီအိုင်အေထောက်လှမ်းရေးအဖွဲ့ ဖြစ်သည်။

ဆေးခြောက်သည် အမေရိကတိုက်နိုင်ငံများ၊ ဥရောပ နိုင်ငံများ၊ အာရပ်နိုင်ငံများ၊ အိန္ဒိယနှင့် အာရှနိုင်ငံအချို့သို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ကြက်သားဟင်းချက်ရာ၌ ဆေးခြောက်ခတ်လျှင် ပို၍အရသာရှိသည် ဟူသော သွေးဆောင်ဖြားယောင်းမှု ထောင်ချောက်အတွင်း လူအများကျရောက်ခဲ့သည်။

ကိုကာရွက်မှ ထုတ်လုပ်သော ကိုကင်းသည် ကမ္ဘာ့အနောက်ခြမ်း၌ သန္ဓေတည်၊ အနောက်ခြမ်းမှာပင် ရှင်သန်လျက်ရှိသည်၊ အာရှသို့ ရောက်မလာ။ ဓာတုဗေဒပစ္စည်းများဖြင့် ဖော်စပ်သော စိတ်ကြွဆေး၊ စိတ်ငြိမ်ဆေး၊ စိတ်ဖိဆေးစသည့် စိတ်ကိုပြောင်းလဲစေသော ဆေးများ၊ အယ်လ်အက်စ်ဒီ၊ မီသာဖက်တမင်း၊ အမ်ဖက်တမင်းတို့သည် Made in West(အနောက်မှာလုပ်သည်)၊ Made in USA°(အမေရိကန်ပြည်ထောင်စုမှာ လုပ်သည်)ဟု ဆိုရမည့် ဆေးဝါးများဖြစ်သည်။ စိတ်နှင့်ပတ်သက်၍ ကုသသောဆေးဝါးများကို တလွဲသုံးရာမှ ထိန်းမနိုင်သိမ်းမရ မူးယစ်ဆေးဝါးဘဝ ရောက်လာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ ယာဘ၊ မြန်မာနိုင်ငံတွင် စိတ်ကြွရူးသွပ်ဆေးခေါ် အမ်ဖက်တမင်းကဲ့သို့သော စိတ်ကြွဆေးပြားများ အာရှသို့ တင်ပို့ ဇာတ်သွင်းသည်မှာလည်း အနောက်နိုင်ငံများ ဖြစ်သည်။ ဘိန်းပပျောက်အောင် ကျားကုတ်ကျားခဲ ကြိုးပမ်းပြီး နယ်ချဲ့အမွေဆိုးကိုဖယ်ထုတ်ရန် လုံးပန်းနေသည့် မြန်မာအပါအဝင် အာရှနိုင်ငံများတွင် စိတ်ကြွရူးသွပ်ဆေး ဇာတ်သွင်းခြင်းမှာ အနောက်၏ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သော ထိုးနှက်ချက်ဖြစ်သည်။

## တက္ကသိုလ်မြတ်သူ

ဘိန်း၊ ဘိန်းဖြူ၊ ကိုကင်း၊ စိတ်ကြွဆေး၊ ဆေးခြောက်များ မည်သည့်ဒေသကထွက်ထွက် အလုံးအရင်းနှင့်တင်သွင်းအသုံးပြုနေသည်မှာလည်း ကမ္ဘာ့အနောက်ခြမ်းပင်ဖြစ်သည်။ ယင်းနိုင်ငံများက မတားဆီးနိုင်ကြ၊ မတားဆီးကြ။ နိုင်ငံရေးအရ ထိုးနှက် အပုပ်ချ၊ စွပ်စွဲလိုသောအခါတွင်မှ မည်သည့်နိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်မှု များလွန်းသည်၊ မည်သည့်နိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၎င်းတို့နှင့်ပူးပေါင်းမဆောင်ရွက်ဟု ပြောဆိုနေကြခြင်းဖြစ်သည်။ **ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို စတင်ဖန်တီးသည်မှာ အနောက်၊ ယင်းမူးယစ်ဆေးဝါးများကို အချိုကြီးတင်သွင်းအသုံးပြုနေသည်မှာ အနောက်၊ ပြီးမှ သူခိုးက လူလူဟစ်သလို ဟိုနိုင်ငံလက်ညှိုးထိုး၊ သည်နိုင်ငံလက်ညှိုးထိုးနေသည်မှာလည်း အနောက်ပင်ဖြစ်သည်။**

အနောက်သည် ပါးစပ်ကဘုရားဘုရား၊ လက်က ကားရားကားရားလုပ်နေသော ကြောင်သူတော်ကြီးများသဖွယ် မူးယစ်ဆေးဝါးပြဿနာကို ဗိုလ်ကျစိုးမိုးရေး၊ ကျူးကျော်ရေး၊ စွက်ဖက်ရေးလက်နက်သဖွယ် အသုံးပြုနေချိန် ကမ္ဘာ့အရှေ့ခြမ်း(အထူးသဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံ)သည် မူးယစ်ဆေးဝါးပပျောက်ရေးကို နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အစားထိုးစိုက်ပျိုးရေး၊ အစားထိုးဖွံ့ဖြိုးတိုးတက်ရေး အစီအမံများဖြင့် ဇယ်ဆက်သလိုဆက်ပြီး အချိန်နှင့်အမျှ ကြိုးပမ်း အောင်မြင်လျက် ရှိပေသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ(၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသတင်းကို ညဘက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်၌ မြင်တွေ့ကြားသိရသောအခါ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှု အောင်မြင်နေပုံများကို သိလိုက်ရသည်။ ယင်းအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခုအကြိမ်သည် ၁၉၉၀ပြည့်နှစ်မှ စတင်ကျင်းပသော မူးယစ်ဆေးဝါးမီးရှို့မှု (၁၈)ကြိမ်မြောက် အခမ်းအနားဖြစ်သည်။ ရန်ကုန်မြို့၌သာမက နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုဆေးဝါးများအဖြစ် ဘိန်းမျိုးစေ့များကိုပါ ဖျက်ဆီးခဲ့သည်မှာ (၃၂)ကြိမ် ရှိသွားပြီ ဖြစ်သည်။

UNODC မှ ထုတ်ပြန်သည့် အစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၃ ခုနှစ်အတွင်း ၂၄ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် မက်ထရစ်တန် ၈၁၀ ရှိခဲ့ကြောင်း၊ အမေရိကန်နိုင်ငံမှ ထုတ်ပြန်သည့် အစီရင်ခံစာတွင်လည်း ၂၀၀၃ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၄၈၄ မက်ထရစ်တန်သာရှိကြောင်း ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ်အတွင်း ဆက်လက်လျော့နည်းဖွယ် ရှိသည်ဟု သုံးသပ်ထားကြသည်။

မြန်မာနိုင်ငံ၏ ပြဿနာတစ်ရပ်ဖြစ်လာနေသည့် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှု လျော့နည်းလာခြင်းကလည်း ထိုစိတ်ကြွရူးသွပ်ဆေး နိုင်ငံအတွင်း အသယ်၊ အဝယ် အရောင်းလျော့လာခြင်းကို ပြပေသည်။ မြန်မာနိုင်ငံတွင် မရှိသော စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်မှုနှင့် ဆက်စပ်ဓာတုပစ္စည်းများ ပြည်ပမှ ခိုးဝင်လျက်ရှိရာ ၂၀၀၁ ခုနှစ်တွင် လီတာ ၁၈၀၀၀၀ ကျော်၊ ၂၀၀၂ခုနှစ်တွင် လီတာ ၂၉၀၀၀၀ ကျော်၊ ၂၀၀၃ခုနှစ်တွင် လီတာ ၃၉၀၀၀ ကျော် ဖမ်းမိခဲ့သည်။ ၂၀၀၄ ခုနှစ် ဧပြီလအထိ ဓာတုဆေးဝါးရည် လီတာ ၁၄၀၀၀ ကျော်ဖမ်းမိထားသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေး အမျိုးသားရေးတာဝန်၊ ကမ္ဘာ့မိသားစုဝင်တိုင်း၏ တာဝန်များကို တက်ကြွ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ ဖင်ဆီဒိုင်းဖမ်းဆီးမှုများတွင်လည်း ၂၀၀၃ခုနှစ်တွင် ၇၄ လီတာခန့်သာ၊ ယခုနှစ်မေလအထိ ၃၂ လီတာခန့်သာ ဖမ်းမိခြင်းမှာ အပေါင်းလက္ခဏာကောင်း တစ်ရပ်ဖြစ်သည်။

(၁၈)ကြိမ်မြောက် မူးယစ်ဆေးဝါးမီးရှို့ဖျက်ဆီးမှုတွင် တာဝန်ရှိသူများနှင့် အတူ သံတမန်များ၊ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ ကိုယ်တိုင် မီးရှို့ခလုတ်နှိပ်ပြီး ပြည်ပသတင်းစာဆရာများရှေ့တွင် မီးရှို့ဖျက်ဆီးသည်ကို တွေ့ရသည်။ ထိုနေ့က မီးရှို့ဖျက်ဆီးသော မူးယစ်ဆေးဝါးများမှာ–

**ဘိန်း ၇၁၀ ဒသမ ၄၉၇ ကီလို**
**ဘိန်းဖြူ ၃၅၃ ဒသမ ၇၅၄ ကီလို**
**ဆေးခြောက် ၉၉ ဒသမ ၀၂၅ ကီလို**
**စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄၃၈၀၀ ပြား**
**စိတ်ကြွဆေးမှုန့် ၅၉ ဒသမ ၈၆၅ ကီလို**
**အက်ဖီဒရင်းဆေးမှုန့် ၂၃၂ ဒသမ ၅၃၅ ကီလို**
**ဒိုင်ယာစီပင်ဆေးပြား ၁၀၁၀ ပြား**

တို့ ဖြစ်သည်။

ထိုသို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏ တန်ဖိုးသည် အမေရိကန်နိုင်ငံ လမ်းဘေးဈေးကွက် လက်လီနှုန်းအရတွက်လျှင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၄၇သန်းကျော် ရှိသည်။ ပထမအကြိမ်မှ ယခု(၁၈)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၄၅၂ သန်းကျော် (၁၄ ဘီလီယံကျော်) ရှိသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဆိုးမွေဖြစ်သော ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးစသည့် မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးတိုက်ဖျက်ရေးကို ပြည်ပမှ အကူအညီမရသော်လည်း မိမိတို့အမျိုးသားရေးတာဝန်၊ ကမ္ဘာ့မိသားစုတာဝန်ကို မဆုတ်မနစ် ထမ်းဆောင်နေမည်သာ ဖြစ်သည်။ နယ်ချဲ့ဆိုးမွေကို အမြစ်မကျန် နုတ်ပစ်သွားမည်သာဖြစ်သည်။ (၁၈)ကြိမ်မြောက် ဖမ်းမိမူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲမှ ထွက်လာသော မီးခိုးမည်းမည်းများနှင့်အတူ နယ်ချဲ့တို့၏ ဆိုးမွေများ ပါသွားနေပြီဟု ဖရဏာပီတိ ဂွမ်းဆီထိဘိသကဲ့သို့ ခံစားရပါကြောင်း တင်ပြလိုက်ရပါသည်။ ။

စမ်းချောင်းမြို့နယ် ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့်ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က အထက(၂) အားကစားကွင်းတွင် ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဦးဝင်းမော် အမှာစကား ပြောကြားစဉ်။ (က–ပ)

## ရေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

ရေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲကိုခြောက်ထပ်ကြီးဘုရားကြီးတိုက်ရှိ သာသနာ့လင်္ကာရ ကျောင်းအသင်းတည်ရှိရာ၌ ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြရန်နှင့် အလှူငွေများနှင့်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း–၂၅၀၃၃၂၊ အတွင်းရေးမှူးဦးဖေအောင် ဖုန်း–၅၇၀၀၆၂၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း ဖုန်း–၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း–၅၄၈၃၇၅၊အမှုဆောင် ဒေါ်ခင်စောမြင့် ဖုန်း–၅၀၁၅၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဇူလိုင် ၈ ရက်က ဗဟန်းမြို့နယ် ကျောင်းပေါင်းစုံ ခမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို ဗဟန်း အထက (၂) ပတ္တမြားခန်းမတွင် ကျင်းပရာ အမျိုးသမီး ခမ္မစကြာအခါတော်နေ့ အကြိုဝတ်ရွတ်ပြိုင်ပွဲတွင် ပထမရရှိသွားသော အထက(၂)ဗဟန်း ဝတ်အသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

## ကွန်ပျူတာများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၅

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးရှိ ဒုတိယအပတ်ပြည်ပသာသနာပြုသင်တန်းသား ရဟန်းတော်များအတွက် အဆင့်မြင့်ကွန်ပျူတာများ အထူးလိုအပ်နေရာ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းသွားကြသည်။

အလှူရှင်များမှာ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ကထိက ပဋ္ဌိပတ္တိမဟာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ကျုပ်လေးသိန်း၊ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ (သား) ဒေါက်တာ တင်စိုးလင်း၊ ညီမ ဒေါ်ပွင့်မာခိုင်နှင့် ရွှေပုစွန်မိသားစု ကျပ်သိန်းနှစ်ဆယ်၊ ဦးမောင်မောင်လွင်၊ သီဟသီရိသုဓမ္မသင်္ဂီ ဒေါ်စိန်စိန် မိသားစု ကျပ်လေးသိန်း၊ သီရိပျံချီ ဦးဖေသန်းအား ရည်စူး၍ ဒေါ်စိန်စိန်၊ (မြေး) မဝင်းသန္တာအောင်၊ မလင်းကေသီဝင်း မိသားစုက ကျပ်လေးသိန်း၊ SIMA Funishing Co.,Ltd.ကျပ်လေးသိန်း တို့ဖြစ်ကြသည်။ **(က–ပ)**

# ကျောင်းသုံးစာအုပ်များကျောင်းဖွင့်ရာသီအမီဝယ်ယူနိုင်ရေးဖြန့်ဝေဆောင်ရွက် လက်ဆင့်ကမ်းသုံးစွဲမည့်စနစ်ကျယ်ပြန့်အောင်အကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၅

**ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးစာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ယာပုံ)**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းထွန်းနှင့် ကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့်ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မှာကြား

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးစာအုပ်များကို ကျောင်းသား ကျောင်းသူများထံ အခက်အခဲမရှိ ထုတ်လုပ်ဖြန့်ဝေနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ လာမည့် ၂၀၀၅– ၂၀၀၆ ခုနှစ် ပညာသင်နှစ် ကျောင်းဖွင့်ရာသီအတွက် ပုံနှိပ်ရေးနှင့်ဖြန့်ဝေရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ထိုသို့ ပုံနှိပ်ဖြန့်ဝေရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ ကျောင်းသုံးစာအုပ်များကို ကျောင်းသား ကျောင်းသူများ ၂၀၀၅–၂၀၀၆ ခုနှစ်ကျောင်းဖွင့်ရာသီအမီ လွယ်လွယ်ကူကူ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်အောင် ဖြန့်ဝေဆောင်ရွက်ရန်၊ ပုံနှိပ်ရိုက်နှိပ်ရာတွင်လည်း တတ်နိုင်သမျှ နိုင်ငံပိုင် ပုံနှိပ်စက်များနှင့်သာ အရည်အသွေးမီမီ ရိုက်နှိပ်သွားရန်၊ လိုအပ်မည့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရာတွင်လည်း ခြိုးခြံချွေတာရန်၊ ထိုသို့ခြိုးခြံချွေတာနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များကို လက်ဆင့်ကမ်းသုံးစွဲသည့်စနစ်ကိုပါ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသစ်ပုံနှိပ်ထုတ်လုပ်ရသော ကျောင်းသုံးစာအုပ်အရေအတွက် လျော့ကျသွားမည်ဖြစ်ကြောင်း စသည်ဖြင့်မှာကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက်ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးစာအုပ်များဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းတို့က ၂၀၀၄–၂၀၀၅ ခုနှစ် ကျောင်းသုံးစာအုပ်များရိုက်နှိပ်ဖြန့်ဝေခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေး တင်ပြကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ဖြည့်စွက်ဆွေးနွေးပြီးညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့ ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ဝါကပ်တော်မူကြမည့် ပဓာနနာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) အမှူးရှိသော သံဃာတော်အပါး ၃၅၀ တို့အား အကျိုးဆောင်များနှင့် အလှူရှင်များ စုပေါင်းကာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဇူလိုင် ၃၁ ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး အရှေ့ဝါယာလက်(၂)လမ်း ရေကူး+ကမ္ဘာအေး ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ။**

# ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၅

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်ကျား၊မန္တလေးတိုင်း၊မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ပြီး၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်းသိရသည်။**

**ဇူလိုင် ၁၆ ရက် ညနေအထိ ခန့်မှန်းချက်အရ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (မြန်မာ့အလင်း)

**ဇူလိုင် ၆ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော စက်ချုပ်အမြန်သင်တန်း ၂/၂၀၀၄ ကို သင်တန်းသား ၃၀ဖြင့် သင်တန်းဆင်းပွဲကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်တင်မာငွေက အမှာစကားပြောကြားစဉ်။ (က–ပ)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ကရာတေးဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၅

**၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှ၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်း၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အုပ်မှူး/တပ်မှူးများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေးမြို့နယ်အတွင်းဘိန်းဖြူများရှာဖွေသိမ်းဆည်းရမိ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ခုနှစ် ဇူလိုင် ၉ ရက်တွင် မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ ငါးဖမ်းစက်လှေတစ်စင်းနှစ်မြုပ်မှုနှင့်ပတ်သက်၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဦးစီးသော ပူးပေါင်းအဖွဲ့က စစ်ဆေးဖော်ထုတ်ခဲ့ရာ ငါးဖမ်းစက်လှေပေါ်မှ ဘိန်းဖြူများကို ရွာတစ်ရွာ၌ ဝှက်သိမ်းထားကြောင်း ပေါ်ပေါက်သဖြင့် ရှာဖွေသိမ်းဆည်းခဲ့ရာ ဘိန်းဖြူများသိမ်းဆည်းရမိခဲ့သည်။ ဘိန်းဖြူပမာဏနှင့် အလေးချိန်ကို စိစစ်ဆဲဖြစ်ပြီး အမှုတွင်ပါဝင်ပတ်သက်သူများနှင့် ကွင်းဆက်သတင်းများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစိမ်းရောင်စပါးစိုက်ပျိုးမှု နည်းပညာသင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး (ရုံးချုပ်)၏ မြစိမ်းရောင်စပါးစိုက်ပျိုးမှု နည်းပညာသင်တန်းဆင်းပွဲကို အဆိုပါရုံးချုပ် ညီလာခံခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနား၌ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် အညီ တစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေး ဦးတည်ချက်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားရန်နှင့် မြစိမ်းရောင်အထွက်တိုးမျိုးစပါးနှင့် နည်းပညာများ ပြည်နယ်နှင့်တိုင်းများတွင် စံပြစိုက်ပျိုးတိုးချဲ့ပြန့်ပွားရေးတို့ကို ရည်မှန်းချက်ထားရှိပြီး သင်ကြားပေးလိုက်သည့် စာတွေ့လက်တွေ့များအတိုင်း အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ သင်တန်းသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း သင်တန်းသား ၉၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးတစ်ကြိမ်နှစ်ကြိမ်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

16-7 (11).p65 1 03/24/1905, 2:12 PM

# မိုးရာသီ၌စိုက်ပျိုးနိုင်သည့်မိုးစပါးဧကအပြည့်အဝစိုက်ပျိုး တောင်သူကြီးများတစ်သီးစား၊နှစ်သီးစားမှသီးထပ်စွမ်းအားမြှင့်တင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စေတနာအပြည့်ဖြင့်ဖော်ဆောင်

ရန်ကုန် ဇူလိုင် ၁၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်သို့သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၈နာရီခွဲတွင် သန်လျင်၊ သုံးခွ၊ခရမ်း၊သနပ်ပင် ကားလမ်းမဘေး သက္ကလကျေးရွာအနီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး မြောင်းတူးခြင်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးလှမြင့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး၊ ပဲခူးတိုင်းအတွင်း ဧက ၁၀၀၀၀၊ ရန်ကုန်တိုင်းအတွင်း ဧက ၅၀၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ခရမ်းနှင့် သုံးခွမြို့နယ်များအတွင်း နွေစပါးတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် ရေထိန်းတံခါးကြီးများမှ စိုက်ပျိုးရေများကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရေသွင်းမြောင်းများ တူးဖော်ပေးရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ခရမ်း၊ သနပ်ပင် ကားလမ်းဘေး ခရမ်းမြို့နယ်အတွင်း၌ ရေမြောင်းမကြီးကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှု အခြေအနေများနှင့် လမ်းမဘေးဝဲ/ယာ ရေတော်မိုးတော်မိုးစပါး ကွက်လပ်မကျန် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗဟုသုတရုံနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းဖွဲ့များ၊ ဒေသခံ တောင်သူလယ်သမားများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်ထောင်စုမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေးကို ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခုမိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးနိုင်သည့် မိုးစပါးဧကအပြည့် အဝ စိုက်ပျိုးရေး အားလုံးဝိုင်းဝန်းကြိုးပမ်းရမှာဖြစ်ကြောင်း၊ ဒေသခံ တောင်သူလယ်သမားကြီးများ အနေဖြင့် တစ်သီးစားနှစ်သီးစားမှ သီးထပ်စွမ်းအားမြှင့်တင်ပြီး သုံးသီးစားအထိ တိုးမြှင့် စိုက်ပျိုးကြရန်လိုကြောင်း၊ ရာသီမရွေးစိုက်ပျိုးနိုင်ရန်လည်း နိုင်ငံတော်အစိုးရက စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်ကို စေတနာအပြည့်အဝဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

## ဘာသာရေး၊သာသနာရေးနှင့်လူမှုရေးအဖွဲ့များသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ဘာသာရေး၊ သာသနာရေးနှင့် လူမှုရေးအဖွဲ့များသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မန္တလေး ချမ်းအေးသာဇံမြို့နယ် ၃၁လမ်းနှင့် ၃၂လမ်းကြား ၈၁လမ်း စာတိုက်တန်းရှိ အလှူရှင်၏ နေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနာဘိဝံသ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင် ဦးဘကို–ဒေါ်နွဲ့နွဲ့ မိသားစုက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ မန္တလေးမြို့နေ အလှူရှင် ဦးဘကို–ဒေါ်နွဲ့နွဲ့ မိသားစုက ရန်ကုန်မြို့ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့ မဟာမုနိဘုရားကြီးအတွက် အလှူငွေကျပ် လေးသိန်း၊ မော်လမြိုင်မြို့ ကျိုက်မရောစေတီတော်နှင့် မုံ့ရှင်တော်ဘုရားအတွက်အလှူငွေကျပ်နှစ်သိန်းစီ၊ ပြည်မြို့ ရွှေနတ်တောင်စေတီတော်အတွက် အလှူငွေကျပ် နှစ်သိန်း၊ မန္တလေး ချမ်းအေးသာစံမြို့နယ် MBOA မိဘမဲ့ ပရိယတ္တိကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်း၊ မန္တလေး အောင်မြေသာစံမြို့နယ် အေးရိပ်မွန် မိဘမဲ့အမျိုးသမီးကျောင်းအတွက်အလှူငွေ ကျပ်နှစ်သိန်း၊ မန္တလေးမြို့ နားမကြားသော ကလေးများကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်နှစ်သိန်း၊ မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် နှစ်သိန်း၊ ရေနံ့သာ အနာကြီးရောဂါကုသရေးဆေးရုံအတွက် အလှူငွေကျပ်နှစ်သိန်း၊ ဗြဟ္မစိုရ် လူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် မဏိရတနာရာမမြတောင်တိုက် ပြုပြင်ရန်အတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၃၁သိန်းကို အသီးသီးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)(သတင်းစဉ်)**

## ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်သပြေလမ်း မဟာစည်သြဝါဒခံကွင်းကျောင်း သာသနာ့ရိပ်သာ၌ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ်၁၅ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ မိမိကြိုက်နှစ်သက်ရာ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါး စသောပစ္စည်းလေးပါးတို့ကိုဖြစ်စေ ဖုန်း–၅၆၀၈၂၄ ဝေယျာဝစ္စအဖွဲ့နှင့်ဆက်သွယ်၍ အလှူရှင်များ ကိုယ်တိုင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## အိုက်ကီဒိုနီးနှောဖလှယ်ပွဲတက်ရန် မလေးရှားသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၅**

မလေးရှားနိုင်ငံ အိုက်ကီဒိုအသင်းမှဖိတ်ကြားချက်အရ မြန်မာအိုက်ကီဒိုအသင်းမှ နည်းပြချုပ် ဆရာဦးမြစိန်နှင့် ဆရာကျော်သီဟတို့သည် အိုက်ကီဒိုနီးနှောဖလှယ်ပွဲနှင့် သရုပ်ပြပွဲသို့ တက်ရောက်ပြသရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဇူလိုင် ၁၄ရက်က ထွက်ခွာသွားကြသည်။

မလေးရှား အိုက်ကီဒိုအသင်းမှစင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တရုတ်နှင့်ဥရောပနိုင်ငံများသို့လည်း ဖိတ်ကြားထားကြောင်းသိရသည်။ **(က–ပ)**

## အမေ့နို့ဖိုး ရုံသုံးရုံအပြိုင်ဝင် The Rundown နေပြည်တော်၌ပြသ

**ရန်ကုန် ဇူလိုင် ၁၅**

## ရုပ်ရှင်သတင်းထောက်

သရုပ်ဆောင်ဒါရိုက်တာကျော်သူ၏ **'အမေ့နို့ဖိုး'** သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာသည်။

အမေတူသားနှင့် တောင်ပြိုငှက်ဝတ္ထုတိုနှစ်ပုဒ်ကို အခြေခံပြီး **'အမေ့နို့ဖိုး'** ဖြစ်လာသည်။ **'အမေ့နို့ဖိုး'**တွင် မိခင်တစ်ဦး၏ ကြီးမားသောမေတ္တာတရားနှင့် ဘဝအားမာန်ကို နက်နက်ရှိုင်းရှိုင်းဖော်ကျူးထားသည်။ **'အမေ့နို့ဖိုး'** ပေးဆပ်ကြသူများအဖြစ်ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မင်းမော်ကွန်း၊ ဆုပန်ထွာ၊ ချိုပြုံး၊ နှင်းဆီ၊ ဇော်ဦးနှင့်မင်းခတို့ပါဝင်ထားသည်။

**သားစာမေးပွဲအောင်သဖြင့် မိုးမမြင်လေမမြင် ပျော်ရွှင်မြူးထူးနေသော အေးမြတို့သားအမိ။**

The Rundown အမေရိကန်အက်ရှင်ဇာတ်ကားသစ် နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ရွှေတွင်းတူးဖော်နေသော အမေဇုန်တောကြီး အတွင်းမှ သည်းထိတ်ရင်ဖို စွန့်စားခန်းများကို ရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။

ရှေ့ဆောင်နှင့် နဝဒေးရုံများတွင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **'မှော်ဝင်ကြိုး'** ဆက်လက်ပြသနေသည်။

**Humraaz မှ ဇာတ်ဝင်ခန်းတစ်ခန်း။**

**The Rundown ဇာတ်ကားမှ သရုပ်ဆောင် ကွက်တစ်ကွက်။**

မြို့မရုံတွင်ဘော်ဘီဒိုးလ်၊အက်ရှေးခန်နာနှင့် အမီရှားတေးလ်တို့ ခေါင်းဆောင်ပါဝင်ထားသည့် Humraaz အိန္ဒိယ ဇာတ်ကားသစ်ရုံဝင်လာသည်။ အလွန်ချမ်းသာသော သင်္ဘောလုပ်ငန်းရှင်ကြီးနှင့် အလွန်ချမ်းသာချင်သော ကချေသည် စုံတွဲတို့ တွေ့ဆုံမိရာမှ ငွေညစ်မှုများ၊ လူသတ်မှုများ ဖြစ်ပွားလာသည်။ နောက်ဆုံး သင်္ဘောသူဌေးကြီး၏ဇနီးကချစ်သူကိုသတ်ပြီး သူဌေးကြီးအသက်ကို ကယ်ဆယ်လိုက်ပြီး ဇာတ်လမ်းက ပြီးဆုံးသွားသည်။

ရွှေဂုန်ရုံတွင် Desperado ဇာတ်ကားရုံဝင်လာသည်။ ဇာတ်လမ်းမှာ တစ်ကိုယ်တော် သေနတ်သမား ဂီတာတီး ကျွမ်းကျင်သူတစ်ယောက်အကြောင်း ရိုက်ကူးထားခြင်း ဖြစ်သည်။

ဘုရင့်ရုံတွင် အိန္ဒိယသိပ္ပံဇာတ်ကား **Koimilgaya** ဆက်လက်ပြသနေသည်။ ကျပ်မပြည့်သူရိုဟစ်နှင့်မြို့တော်ဝန်သမီး နီရှာတို့နှစ်ဦး ဂြိုဟ်သားလေးဂျာဒူးနှင့်မိတ်ဆွေဖြစ်ရာမှ ထူးခြားစွာ စူပါပါဝါများရရှိလာသည်။ စူပါပါဝါကြောင့် ဂြိုဟ်သားကို သုတေသနပြုရန် ဖမ်းဆီးစဉ် ဂြိုဟ်သားကို ဂြိုဟ်သားကမ္ဘာသို့ ရောက်အောင် ရိုဟစ်တို့ ကယ်ဆယ်လိုက်ပုံများကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ပြုံးနေရင်သတိထား မကြာမီရုံတင်မည်

**ငြိမ်းမင်း၏ဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးသည့် "ပြုံးနေရင်သတိထား" ဇာတ်ကားမှာ မကြာမီရုံဝင်လာမည်ဖြစ်သည်။**

**အပြုံးသည် နှလုံးသား၏အဆင်းတန်ဆာ ဖြစ်သော်လည်း အပြုံးအမျိုးမျိုးရှိသည်။ ဖြူစင်သူတို့၏အပြုံးနှင့်ကောက်ကျစ်သူတို့၏ အပြုံးဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ဖြူစင်သူတို့၏အပြုံးသည် ကြည်နူးချမ်းမြေ့ဖွယ်ဖြစ်သော်လည်း ကောက်ကျစ်သူတို့၏အပြုံးသည် လိမ်ညာဟန်ဆောင်ခြင်း ပရိယာယ်အသွင်ဆောင်သည်။ ထို့ကြောင့် ပြုံးနေရင်သတိထားပါဟု အပြုံး၏ဒဿနကို ဖွင့်ဟသတိပေးထားပါသည်ဟု ဒွေး၊ ကျော်ရဲအောင်၊ ရာဇာနေဝင်း၊ သျှားညို၊ ထွန်းအိန္ဒြာဗိုနှင့် ခိုင်နှင်းဝေတို့က ဆိုထားသည်။** (မြန်မာ့အလင်း)

# အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ အကြိုခြေစမ်းပွဲယှဉ်ပြိုင် ပဏာမလက်ရွေးစင်က အဆင့်မြင့်တန်းညွန့်ပေါင်းကိုအနိုင်ရ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၀၄ခုနှစ် ဩဂုတ် ၂၀ရက်မှ ၂၈ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းဘောလုံးအသင်းများမှ ရွေးချယ်ထားသည့် ညွှန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ဦးဆောင်ဂိုး**

ပွဲချိန် ၂၄ မိနစ်တွင် ညွှန့်ပေါင်းအသင်း ဂိုးရှေ့သို့ ဖြတ်ချိုးပေးသည့် ဘောလုံးကို နောက်တန်းလူ ကျော်ကျော်ဝင်း အမိအရ မဖျက်ထုတ်နိုင်ဘဲဖြစ်သွားစဉ် ဘိုဘိုအောင်က ပိတ်သွင်းယူ၍ ပဏာမ လက်ရွေးစင် ဦးဆောင်ဂိုး ရရှိသွားသည်။

ပွဲချိန် ၃၁မိနစ်တွင် ညွှန့်ပေါင်းအသင်းမှ နေသူလှိုင်က ပဏာမလက်ရွေးစင်အသင်း ပယ်နယ်တီဧရိယာအပြင်မှ အမှတ်တမဲ့ ကန်သွင်းရာ ဂိုးဘားတန်းထိပြီး ထွက်သွား၍ ညွှန့်ပေါင်းအသင်းကံခေခဲ့ရသည်။

**ချေပဂိုး**

ညွှန့်ပေါင်းအသင်းက ထိုးဖောက်ကစားလာရင်း ပဏာမလက်ရွေးစင်အသင်း ပယ်နယ်တီ ဧရိယာအတွင်း၌ နောက်တန်းလူ မင်းသူက ဘောလုံးကို လက်နှင့်ဟန့်တား၍ ပယ်နယ်တီ ပြစ်ဒဏ်ဘောပေးရသည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ဘောကို ရန်နောင်စိုးက ကန်သွင်းယူသဖြင့် ပွဲချိန် ၃၈မိနစ်တွင် ညွှန့်ပေါင်းအသင်း ချေပဂိုးရရှိသွားသည်။

ပဏာမ လက်ရွေးစင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၅မိနစ်တွင် ညွှန့်ပေါင်းလက်ရွေးစင်အသင်း နောက်တန်း လူ၏ အမှားကြောင့် နိုင်ဝင်းဘောလုံးရရှိသွားပြီး ဂိုးသမားနှင့် အနီးကပ် ကန်သွင်း၍ ရရှိခဲ့သည်။

**ဆုငွေချီးမြှင့်**

ခြေစမ်းဘောလုံးပြိုင်ပွဲ အပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အနိုင်ရရှိသွားသော ပဏာမမြန်မာ့လက်ရွေးစင်အသင်းအားဆုငွေကျပ်ခုနစ်သောင်း၊ အဆင့်မြင့်တန်းညွှန့်ပေါင်းလက်ရွေးစင်အသင်းအား ဆုငွေကျပ်လေးသောင်းပေးအပ်ချီးမြှင့်သည်။

**ပွဲအပြီးပြောကြား**

ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းအောင်နှင့်နှစ်ဖက်အသင်းမှနည်းပြဆရာများအားမြန်မာ့အလင်းကတွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား ခြေစမ်းပွဲအပေါ်ထင်မြင်ချက်မေးမြန်းရာ"မိမိတို့အားလုံးကြိုးစားနေကြဆဲဖြစ်ကြောင်း၊ ယနေ့ပွဲမှာ အားလုံး မြင်တွေ့ခဲ့ရသည့်အတိုင်း ပဏာမ

ပဏာမ မြန်မာ့လက်ရွေးစင်အသင်း နည်းပြ ဦးကြည်လွင်။ (မြန်မာ့အလင်း)

လက်ရွေးစင်အသင်း၌အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ပီပီပြင်ပြင်အကွက်ချပြီးလုပ်ဆောင်ထားသည့်အနေအထားမျိုးမဖြစ်သေးကြောင်း၊ အယ်လ်ဂျီဖလားပွဲစတင်ရန် ရက်လိုသေးသည်ဖြစ်ရာ ပြင်ဆင်လေ့ကျင့်ရန်အချိန်ရသေးကြောင်း၊ အဓိကအားဖြင့်ပြောရလျှင် ယနေ့ယှဉ်ပြိုင်ကစားသွားသည့် ပဏာမလက်ရွေးစင်အသင်းမှာ အကောင်းဆုံး၊ အညွန့်ဆုံးအသင်းမဟုတ်သေးပါကြောင်း၊ အပြီးသတ် လူစာရင်းဖြတ်ရန်အတွက် အားကစားသမားများကို စမ်းသပ် ပွဲထုတ်သည့် သဘောပင်ဖြစ်ကြောင်း၊ ညွှန့်ပေါင်းလက်ရွေးစင်အသင်းမှခြေစွမ်းပြနိုင်သူများရှိပါကလည်းရွေးချယ်

အဆင့်မြင့်တန်း ညွှန့်ပေါင်းအသင်း နည်းပြ ဦးအေးမောင်ကြီး။ (မြန်မာ့အလင်း)

မည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့်ခြေစွမ်းပြနိုင်ရုံတစ်ခုတည်းဖြင့်မလုံလောက်ဘဲစိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုကိုလည်းထည့်သွင်း စဉ်းစားရမှာဖြစ်ကြောင်း၊ ညွှန့်ပေါင်းလက်ရွေးစင်အသင်းမှအားကစားသမားများအနေဖြင့် ကြိုးစားကစားလျှင်အချည်းအနှီးမဖြစ်နိုင်ပါကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်။ (မြန်မာ့အလင်း)

ဆက်လက်၍ ပဏာမမြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးကြည်လွင်အားမေးမြန်းရာတွင် "မိမိတို့ပြင်ဆင်လေ့ကျင့်နေဆဲပင်ဖြစ်ကြောင်း၊ ကွင်းဖွင့်ဖလားပွဲ၌ကစားသမားများကို ၎င်းတို့ မိခင်ကလပ်အသင်းများ၌ပေးကစားထားရသဖြင့် လေ့ကျင့်မှုကို စိတ်တိုင်းကျ မလုပ်နိုင်ခဲ့ကြောင်း၊ ကစားသမားများ အစုံအလင်ဖြင့်လေ့ကျင့်ရသည်မှာ ရက်ပိုင်းပဲ ရှိသေးကြောင်း၊ အမာခံကစားသမားအချို့ထိခိုက်ဒဏ်ရာရရှိထားကြကြောင်း၊ ယနေ့ပွဲ၌ ကစားသွားကြသည့် အနေအထားအပေါ် ပြင်ဆင်ရဦးမည်ဖြစ်ကြောင်း၊ ဂိုးသမား အောင်အောင်ဦးနှင့်နောက်တန်းလူ ဌေးအောင်တို့ထိခိုက်ဒဏ်ရာရရှိထားကြောင်း၊ ယနေ့ပွဲမှာ လူရွေးပွဲသဘောထားမျိုးဖြစ်၍ အားလုံးပါဝင်ကစားခွင့်ရအောင် စီစဉ်ပွဲထုတ်ခဲ့ခြင်းဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ပြောကြားသည်။

အဆင့်မြင့်တန်း ညွှန့်ပေါင်းလက်ရွေးစင်အသင်းနည်းပြ ဦးအေးမောင်ကြီးအားမေးမြန်းရာတွင်"ယနေ့ပွဲမှာ ပဏာမလက်ရွေးစင်အသင်းကို လေ့ကျင့်ခြေစမ်းပေးသည့်သဘောသာဖြစ်ကြောင်း၊ ညွှန့်ပေါင်း လက်ရွေးစင်ဆိုသော်လည်း ယခင်ကကဲ့သို့ ပီပီပြင်ပြင် ရွေးချယ် စုစည်းထားသည့် ညွှန့်ပေါင်း လက်ရွေးစင်အသင်းမျိုး မဟုတ်ကြောင်း၊ ကွင်းဖွင့်ဖလားပွဲ နောက်ဆုံးဗိုလ်လုပွဲပြီးမှသာရွေးချယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယခင်က ညွှန့်ပေါင်းအသင်းများလို စုစည်းလေ့ကျင့်ထားခြင်းမရှိ၍ ကစားကွက်အရ စိတ်တိုင်းကျမဖြစ်ဘဲ တစ်ဦးချင်းကောင်းမွန်သည့် အချက်များကိုသာတွေ့ရနိုင်ကြောင်း၊ အနိုင်အရှုံးရလဒ်အပေါ်ပြောရလျှင် ပဏာမ လက်ရွေးစင်အသင်းအနေဖြင့် ယခုထက်ပိုမို၍ ဂိုးရသင့်ပါကြောင်း၊ ပဏာမလက်ရွေးစင်အသင်း အဆုံးသတ်ဂိုးသွင်းယူမှုအပိုင်းအားနည်းသည်ကိုတွေ့ရကြောင်း၊ ညွှန့်ပေါင်းအသင်းကို လူနေရာချထားရာ၌ မိခင်ကလပ်အသင်းများ၌ ကစားခဲ့သည့်နေရာကိုကြည့်ပြီး အဆင်ပြေသလို တွဲပေးခဲ့ကြောင်း၊ ပထမပိုင်း၌ ကစားအားကောင်းသော်လည်း ဒုတိယပိုင်း၌ ကျသွားကြောင်း၊ အချို့ကစားသမားများခွင့်ဖြင့် ပြန်နေ၍ အဆက်အသွယ်မရခဲ့ကြောင်း၊ ဒုတိယပွဲ၌ ကစားသမားအချို့ ထပ်မံဖြည့်တင်းရန်ရှိသော်လည်း အပြောင်းအလဲ များများစားစားမရှိနိုင်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

**ဒုတိယခြေစမ်းပွဲ**

ဇူလိုင် ၁၇ရက် ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် အဆင့်မြင့်တန်းညွှန့်ပေါင်းလက်ရွေးစင်းအသင်းတို့ ဒုတိယခြေစမ်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

---

## ● ကျောဖုံးမှ

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့် အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲများများကို တရုတ်နိုင်ငံ မြို့ကြီးလေးမြို့ဖြစ်သော ပေကျင်း၊ ချုံကင်း၊ ချီနန်နှင့် ချန်ဒူးမြို့တို့တွင် ဇူလိုင် ၁၇ ရက်မှစ၍ ကျင်းပမည်ဖြစ်သည်။

**လက်ရှိချန်ပီယံ**

အာရှဖလား ၂၀၀၀ ပြည့်နှစ် ချန်ပီယံဖြစ်သော ဂျပန်အသင်းသည် နည်းပြ ဇစ်ကို၏ ကိုင်တွယ်မှုဖြင့် အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေသည်ဆိုသော်လည်း ဂျပန်အသင်း၏ အဓိကအားထားရသော ဘောလုံးသမားများဖြစ်သည့် အာရှ အကောင်းဆုံးဘောလုံးသမားဆု နှစ်ကြိမ်ရရှိထားသော ဟီဒယ်တိုရှိနာကာတာ ဒဏ်ရာရရှိပြီးမပါဝင်နိုင်သလိုအင်္ဂလိပ်ပရီမီယာလိဂ်ဖူဟမ်အသင်းတွင်ကစားနေသော ဂျပန်လက်ရွေးစင် ကွင်းလယ်ကစားသမား ဂျူနီချီအီနာမိုတိုတို့ မပါဝင်နိုင်သဖြင့် ဂျပန်အသင်းအားလျော့နေရာမှ ဂျပန်တိုက်စစ်မှူး တက်ဆုဟီကိုကူဘို ဒူးခေါင်းဒဏ်ရာရရှိသွားသဖြင့် ဂျပန်အသင်းအတွက် ထပ်မံ အားနည်းမှုဖြစ်ခဲ့ရပြန်သည်။

အာရှဖလား ၂၀၀၄ ပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်းသည်ချန်ပီယံအဖြစ်ရေပန်းစားလျက်ရှိသော်လည်း ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ကစားခဲ့ကြသည့် ကွင်းလယ်ကစားသမားဆွန်ချောင်ဂတ်နှင့် ယိုဆန်ချူးတို့မပါဝင်နိုင်ကြသဖြင့် အားနည်းမှုရှိနိုင်မည်ဖြစ်သော်လည်း တောင်ကိုရီးယားအသင်းနည်းပြသစ် ဟော်လန်နည်းပြက"မိမိအသင်းသည်၂၀၀၂ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံးသမားများကိုအဓိကထားပြီးရွေးချယ်ဖွဲ့စည်းထားသဖြင့် ပြိုင်ဘက်အသင်းများအားကျော်လွှားနိုင်မည်ကို ယုံကြည်စိတ်ချထားကြောင်း"ပြောကြားထားသည်။

**ဥဇဘက်ကစ္စတန်**

ဂျပန်နှင့် ကိုရီးယားအသင်းတို့နည်းတူ ဥဇဘက်ကစ္စတန်အသင်းတွင်လည်းအားထားရသော ဘောလုံးသမားများမပါဝင်နိုင်ဘဲရှိရာ အထူးသဖြင့် ရုရှားနိုင်ငံကလပ်အသင်းများတွင် ကစားနေသည့် ဗစ်တာကာပင်ကိုနှင့် ဗလာဒီမာမာမီနော့ဗ်တို့မပါဝင်နိုင်ဘဲရှိနေသည်။ ထို့ပြင် အသင်းအတွက် အားထားရသည့် တိုက်စစ်မှူးမက်ဆင်းရှက်စကစ်ကလည်း မပါဝင်တော့သဖြင့် ဥဇဘက်ကစ္စတန်အသင်းအတွက်အင်အားတောင့်တင်းမှု ထိခိုက်နေရသည်။

**ထိုင်းအသင်းအခြေအနေ**

အုပ်စု(ဃ)တွင် အီရန်၊ အိုမန်၊ ဂျပန်တို့နှင့်တစ်အုပ်စုတည်းကျနေသောထိုင်းအသင်းသည်လည်း အသင်းခေါင်းဆောင်ကိုင်တီဆတ်ဆီနာမောင်း၊ ဒူးဆစ်ချာလန်ဆမ်၊ တာဝမ်ဆရီပမ်တို့ မပါဝင်နိုင်တော့သဖြင့် ထိုင်းအသင်းအုပ်စုမှကျော်ဖြတ်ရေးအတွက် အခက်အခဲတွေ့နိုင်စရာရှိနေသည်။

ထိုင်းအသင်း၏ တိုက်စစ်သည် ကိုင်တီဆတ်ပေါ်တွင် မူတည်လျက်ရှိရာ ယခုနှစ်ဘောလုံးရာသီအတွင်း ခြေစွမ်းပြကာ ဂိုးအများအပြားသွင်းနေသော ကိုင်တီဆတ် မပါဝင်နိုင်မှုကြောင့် ထိုင်းအသင်း တိုက်စစ်အားပျော့ဖွယ်ရာရှိသည်။

ထို့ပြင် ထိုင်းအသင်းသည် ဇူလိုင် ၂၀ရက်တွင် ပွဲဦးထွက်အီရန်နှင့် တွေ့မည်ဖြစ်ရာ အရေးကြီးသော ပွဲစဉ်လည်းဖြစ်နေသည်။ မည်သို့အခြေအနေပင်ဖြစ်စေ ထိုင်းနည်းပြသစ် ချတ်ချိုင်းပါဟိုပတ်ကထိုင်းအသင်းအတွက် အာရှဖလား ၂၀၀၄တွင် အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ အာရှဖလား ဘောလုံးပြိုင်ပွဲ ၂၀၀၄ကို ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မိမိတို့၏ အသင်းများတွင် ပါဝင်မည့်လူစာရင်းကို ထုတ်ပြန်လျက်ရှိပြီဖြစ်ရာ အသင်းတွင်ပါဝင်ကစားကြရမည့် ဘောလုံးသမားများလည်း ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေပြီဖြစ်သည်။

အာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် ဘာရိန်းအသင်းတို့ ပေကျင်းမြို့ အလုပ်သမားအားကစားကွင်းကြီးတွင် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ အာရှတွင်အဆင့်မြင့်ဆုံး ဘောလုံးပြိုင်ပွဲကြီးတွင် မည်သည့်အသင်းက အနိုင်ရရှိပြီး ချန်ပီယံသရဖူကို ဆွတ်ခူးနိုင်မည်ကို မြင်တွေ့ရတော့မည်ဖြစ်သည်။

ဘောလုံးပြိုင်ပွဲများ ကစားရာတွင် ခြေရည်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ နည်းပညာပိုင်းနှင့် နည်းစနစ်ပိုင်းတွင် အားသာသည်ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ၊ကျော်ကြားသောဘောလုံးသမားများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဘောလုံးပွဲတို့၏ ဓမ္မတာအတိုင်း ပိုကောင်းသည့်အသင်းက အနိုင်ရစမြဲပင်ဖြစ်ကာ အာရှဖလား ၂၀၀၄တွင်လည်း အကောင်းဆုံးသောအသင်းသည်သာလျှင် ချန်ပီယံဆု ဆွတ်ခူးသွားမည်သာ ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

---

# ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ Mikko Coffee Mixက ပံ့ပိုးကူညီသည့် ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်နုနုရီ၊ ဦးရိုန်ဝင်းနှင့်အမှုဆောင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများ အားကစားသစ္စာဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်များကို ကျင်းပရာတွင် ILBC အသင်းက ဗဟိုလူငယ်အသင်းကို ၇၈မှတ်–၄၄မှတ်ဖြင့်လည်းကောင်း၊ ဂါးဂါး(ခ)အသင်းက Lion အသင်းကို ၆၂မှတ်– ၅၆မှတ်ဖြင့် လည်းကောင်း၊ စက်မှု(၁)(ခ) အသင်းက Future အသင်းကို အမှတ် ၄၀–၃၃ မှတ်ဖြင့် လည်းကောင်း၊ အောင်လံအသင်းက KKS အသင်းကို ၄၉မှတ်–၄၁မှတ်ဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ဆိုင်ကလုန်းအသင်းကို ၈၁မှတ်– ၅၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲတွင် ၁၄သင်း ပါဝင်ယှဉ်ပြိုင်ပြီး အုပ်စုလေးစုခွဲကာ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၁ရက်တွင် လည်းကောင်း၊ အကြိုဗိုလ်လုပွဲကို ဇူလိုင် ၂၂ရက်တွင် လည်းကောင်း၊ တတိယလုပွဲကို ဇူလိုင် ၂၃ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို ဇူလိုင် ၂၄ရက် တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ရောင်းချရန်ကြော်ငြာစာ

## တရားမကျင့်ထုံးဥပဒေအမိန့်(၂၁)၊ နည်းဥပဒေ(၆၆) ရန်ကုန်တိုင်းတရားရုံး

## ၂၀၀၄ ခုနှစ်၊ တရားမ ဇာရီမှုအမှတ်(၁၀၉)

| | | |
|---|---|---|
| ၁။ ဦးခင်မောင်ကျော် | | ဦးဇော်မင်း(လင်းသစ္စာ) |
| ၂။ ဦးထွန်းလွင် | | အမှတ် ၆၄ နှင့် ၇၃/၇၇ |
| ၃။ ဒေါ်ဆိုင်းညွန့် | နှင့် | မြေညီထပ်၊ ဗိုလ်ဆွန်ပက်လမ်း |
| ၄။ ဦးဟန်သိန်းလွင် | | ပန်းဘဲတန်းမြို့နယ်၊ |
| ၅။ ဒေါ်မေနွယ်စိုးအောင် | | ရန်ကုန်တိုင်း။ |

**(၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဦးခင်မောင်ကျော်)**

**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်(၇၆/၀၄)အမှုတွင် တရားစရိတ်များအပါအဝင် ငွေကျပ် ၄၂၄၆၇၂၇ ကျပ်ကို တရားရှုံးက တရားနိုင်သို့ ပေးစေရန်ချမှတ်ခဲ့သည့် ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ရောင်းချခြင်းမှာ အများပြည်သူရှေ့တွင် လေလံတင်ရောင်းချမည်။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရန်ကုန်တိုင်းတရားရုံး တွဲဖက် (၆) သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။ ရောင်းချရာတွင် ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျလွှဲအပ်ထားသော အခွင့်ရ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်သည်။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**လေလံတင်ရောင်းချရန်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုအပေါ် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံတင်ရောင်းချရာတွင် စျေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်ဖြစ်သည်။ အမြင့်ဆုံးစျေးမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်လျော်ကြောင်း ရောင်းချသူအရာရှိကမှတ်ယူလျှင် လက်မခံဘဲပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရေးကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၉ ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေ ၁၀၀ လျှင် ၂၅ ကျပ်နှုန်းဖြင့် လေလံဆွဲဝယ်ယူပြီးဖြစ်သည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်သူသည် ငွေအားလုံးပစ္စည်းရောင်းချသည့်နေ့အားပယ်၍ ပစ္စည်းဝယ်ယူပြီးနောက် ၁၅ ရက်ရောက်သည့်နေ့တွင် ရုံးချိန်အမီပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့မှာ ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေပါက ပထမဆုံးရုံးစတင်ဖွင့်လှစ်သည့်နေ့တွင်ပေးသွင်းရမည်။
၇။ အထက်ခွင့်ပြုသည့်နေ့တွင် လေလံဆွဲဝယ်ငွေကို မပေးဆောင်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ တင်သွင်းထားသည့်ငွေများကို ရောင်းချသည့်အတွက် စရိတ်များပေးပြီးနောက် သင့်သည်ထင်မြင်လျှင် တရားရုံးသို့ အဆုံးအရှုံးခံစေရမည်။ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်ကိုဖြစ်စေ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဇူလိုင်၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ထိန်ဝင်း**
**တွဲဖက်တိုင်းတရားသူကြီး(၆)**
**ရန်ကုန်တိုင်းတရားရုံး**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ၂၉ လမ်း အမှတ် (၁၇၁/၁၇၃) အခန်းအမှတ်(၅/၆) ဒုတိယထပ်ဟုခေါ်တွင်သော ၁၂ ၁/၂' X ၄၀' အကျယ်အဝန်းရှိ နှစ်ခန်းတွဲအခန်းတစ်ခန်း၊ ယင်းအခန်းသည်တရားရှုံးပိုင်အပျောက်အခန်းဖြစ်ပြီး တရားရှုံးနေထိုင်လျက်ရှိသည်။

**ကြမ်းခင်းစျေး ကျပ်သိန်း(၂၀၀)**

## မွန်ပြည်နယ်၊ သထုံမြို့၊ သုဓမ္မဝတီမြို့သစ်၊ သထုံ-ဘားအံကားလမ်းဘေးအတန်း ပေ (၁၀၀ × ၁၀၀)မြေကွက်ရယူထားသူများသိစေရန် ကြေညာချက်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု၊ သုဓမ္မဝတီ(မြို့သစ်)တွင် အိမ်ရာမြေကွက်များအား ၁၉၈၉-၁၉၉၀ခုနှစ်တွင် ချထားပေးခဲ့ပြီး ဖြစ်သော်လည်း မြေကွက်ရရှိသူ အောက်ပါပေ(၁၀၀ X ၁၀၀)မြေကွက်ပိုင်ရှင်များသည် နေအိမ်ဆောက်လုပ်နေထိုင်မှု မရှိသေးကြောင်းစိစစ်တွေ့ရှိရပါသည်။ ယခုသတင်းစာပါသည့်နေ့မှ စ၍ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်စည်းကမ်းနှင့်အညီ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်း မရှိသူများသည် သုဓမ္မဝတီ(မြို့သစ်) အဆောက်အအုံဆောက်လုပ်ရေးကော်မတီထံသို့ နေအိမ်ဆောက်လုပ်မည့်အခြေအနေကို ကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်လွှဲစာ ကိုင်ဆောင်သူကိုယ်တိုင် လာရောက်ဆက်သွယ်တင်ပြရန်နှင့် သတ်မှတ်ရက်အတွင်းဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အောက်မြန်မာပြည် မြို့နှင့်ကျေးရွာနည်းဥပဒေအခန်း(၅)အရ ထုတ်ပေးထားသောအငှား ပတ္တာဂရန်/မြေပေးအမိန့်များကို ရုပ်သိမ်း၍ မြို့သာယာလှပရေးစီမံချက်နှင့်အညီ မြို့ကွက်သစ်တွင် နေအိမ်ဆောက်လုပ်နေထိုင်လိုသူများအား မြေနေရာပြန်လည်ချထား၍ နေအိမ်ဆောက်လုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| က/၃၃၇ | က/၃၄၄ | ခ/၂၈၄ | ဃ/၃၃၈ | ဃ/၃၄၃ | ဃ/၃၅၂ | င/၁၈၁ | င/၁၉၂ | စ/၂၆၄ | စ/၂၆၉ | ဆ/၃၄၁ | ဆ/၃၄၆ | ဆ/၃၅၁ | ဇ/၅ |
| က/၃၃၈ | က/၃၄၅ | ခ/၂၈၅ | ဃ/၃၃၉ | ဃ/၃၄၅ | င/၁၇၇ | င/၁၈၅ | စ/၂၅၉ | စ/၂၆၅ | စ/၂၇၀ | ဆ/၃၄၂ | ဆ/၃၄၇ | ဆ/၃၅၂ | |
| က/၃၄၀ | ခ/၂၇၇ | ခ/အေ၄ | ဃ/၃၄၀ | ဃ/၃၄၈ | င/၁၇၈ | င/၁၈၇ | စ/၂၆၀ | စ/၂၆၆ | စ/၂၇၁ | ဆ/၃၄၃ | ဆ/၃၄၈ | ဇ/၂ | |
| က/၃၄၁ | ခ/၂၈၂ | ဂ/စီ ၁၂ | ဃ/၃၄၁ | ဃ/၃၅၀ | င/၁၇၉ | င/၁၉၀ | စ/၂၆၁ | စ/၂၆၇ | ဆ/၃၃၇ | ဆ/၃၄၄ | ဆ/၃၄၉ | ဇ/၃ | |
| က/၃၄၂ | ခ/၂၈၃ | ဃ/၃၃၇ | ဃ/၃၄၂ | ဃ/၃၅၁ | င/၁၈၀ | င/၁၉၁ | စ/၂၆၃ | စ/၂၆၈ | ဆ/၃၄၀ | ဆ/၃၄၅ | ဆ/၃၅၀ | ဇ/၄ | |

**မြေနေရာချထားရေးအဖွဲ့၊ သုဓမ္မဝတီမြို့သစ်၊ သထုံမြို့။**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးဝင်း-ဒေါ်ခင်ခင်နိုင်တို့၏ ဒုတိယသား မောင်အောင်ကျော်စိုး ၁၂/ကမရ(နိုင်)၀၅၃၂၆၆ အား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်း၏ကိစ္စအဝဝ လုံးဝ တာဝန်မယူပါကြောင်း။ **မိဘများ။**

## ကျိုက်ထီးသဲမြို့ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ကျိုက်ထီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ မွေးရာဇာတိဖြစ်သော ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ကျိုက်ထီးသဲနယ် (ကျိုက်ထီးသဲ၊ ရွာသာ၊ သရက်သုံးပင်၊ မြို့မ၊ ကျွန်းတန်းရိုးစသော) အတွင်း၌ ဝါဆိုတော်မူကြမည့် သံဃာတော်အပါး ၁၃၀ခန့်တို့အား ပဉ္စမအကြိမ်မြောက် စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲကို ကျိုက်ထီးသဲမြို့၌ ဩဂုတ်၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကျိုက်ထီးသဲအသင်းသူ အသင်းသားများနှင့် ကုသိုလ်ရှင်များသည် အောက်ပါနေရာများတွင် ဩဂုတ်၄ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ပါသည်။

၁။ အရှင်ကုဏ္ဍလ (ကျိုက်ထီးသဲ)
ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကံဘဲ့ဘူတာရုံလမ်း၊ ရန်ကင်း၊ ဖုန်း- ၅၆၆၁၇၆
၂။ ဦးညွန့်နိုင် (ကျိုက်ထီးသဲအသင်းအတွင်းရေးမှူး)
၃။ ဦးကိုလေး ဖုန်း-၅၄၉၄၈၁
၄။ ကျိုက်ထီးသဲမြို့ ဖုန်း-၀၅၃-၂၅၄၉၀။

**ကိုဇေယျာ စန်းမာလာ**
**(Engineering Group)**
TV **အထူးပြုပြင်ရေးနှင့်**
**ကြိုဟ်တုစလောင်း တပ်ဆင်ပြုပြင်ရေး**
**အာမခံဖြင့် အိမ်အရောက်ပြုပြင်ပေးသည်။**
**Ph:535885**
အမှတ်(၃၀၊B)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ (လှည်းတန်းစျေးအနီး)၊ ကမာရွတ်မြို့နယ်။

A.Z.A.D.A
AZADA Art & Sale Promotion
နေ့ရက်..................၁၉-၇-၂၀၀၄
အချိန်..........နံနက် - ၉ : ၀၀ နာရီ




နိုင်ငံတကာအဆင့်မီ **ရွှေနန်းတော်** စိန်ရွှေရတနာဆိုင်

**မိုးတစိမ့်စိမ့်မှာ တသိမ့်သိမ့်ရင်ခုန်ကြည်နူးသွားစေမယ့် "ရွှေနန်းတော်ရဲ့တေးလက်ဆောင်" အစီအစဉ်**

■ ဇူလိုင်လ(၁၈)ရက်နေ့မှ ဩဂုတ်လ(၁၈)ရက်နေ့အထိ နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၂)ဆိုင်စလုံးတွင် ဝယ်ယူအားပေးကြသူတိုင်းကို အကယ်ဒမီထွန်းအိန္ဒြာဗိုရဲ့ နားညီကျော် Live Show **နိုင်ငံယာရီ** VCD လက်ဆောင်ပေးနေပါပြီ။

■ ... Golden Palace Diamond Card ...

E-mail: sml@myanmar.com.mm
Website: www.goldenpalacejewellery.com

# ကျေးလက်သတင်းနှင့် မြင်ကွင်း

## အမရပူရမြို့ တိုးချဲ့စာသင်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မြစ်ငယ် ဇူလိုင် ၇

**မန္တလေးတိုင်း အမရပူရမြို့နယ် ကုလားရွာ အမှတ်(၈၇)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကိုယ့်အားကိုယ်ကိုး စာသင်ခန်း ၁၅ ခန်းပါ တိုးချဲ့ စာသင်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်း အနားကို ဇူလိုင် ၂ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းဆောင်သစ်တွင် ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ သဘာပတိဦးစိုးပိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်အောင်တို့က အမှာစကားပြောကြားကြပြီး ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြီး စိန်က ကျောင်းဆောင်သစ်ဖြစ်မြောက် ရေးအတွက်ဆောင်ရွက်ခဲ့သည့်လုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြား သည်။ ထို့နောက် ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဥက္ကဋ္ဌက မြို့နယ် ပညာရေးမှူးထံ တိုးချဲ့ကျောင်းဆောင် သစ်နှင့်နှင့် ပတ်သက်သော စာရင်း ဇယား မှတ်တမ်းများကို လွှဲပြောင်း ပေးအပ်ကြောင်း သိရသည်။ **(၂၀၉)**

## လူငယ့်အားမာန်စာကြည့်တိုက် လယ်ဝေးမြို့နယ်၌ဖွင့်

**လယ်ဝေး ဇွန် ၃၀**

ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာအုပ်စု မြွေရိုးလေး ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး လူငယ့် အားမာန်စာကြည့်တိုက် ဖွင့်ပွဲအခမ်း အနားကို ဇွန် ၂၃ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးလူတင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးဦးခင်မောင် မြင့်၊ ကျေးရွာဥက္ကဋ္ဌဦးမောင်ငယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌက အဖွင့် အမှာ စကားပြောကြားပြီး မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက ကျေးလက်ဒေသ ပညာရည် ဖွံ့ဖြိုး တိုးတက်ရေးအတွက် စာကြည့် တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် များကို ဟောပြောကြသည်။

**(မြို့နယ်ပြန်/ဆက်)**

## သပိတ်ကျင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ကွင်းဆင်းစစ်ဆေး

**သပိတ်ကျင်း ဇွန် ၁၇**

ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇွန်၁၄ရက် နံနက်၉နာရီက မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သပိတ်ကျင်းမြို့ပြည်သူ့ဆေးရုံ၊ သပိတ်ကျင်း–တကောင်း၊ အဝေးပြေးလမ်းမကြီးဝဲ/ယာ ရတနာတန်းဝင်ကျွန်းစိုက်ခင်းများ၊ ရေညာဦး ဆည်မြောင်းမကြီးနှင့် အဝေးပြေးလမ်းရေပိုက်သွယ်တန်းမည့်နေရာများကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ရှားတောကျေးရွာမူလတန်းကျောင်းတွင် ရှားတော၊ တွင်းငယ်၊ ဒေါင်းပုံးနှင့် ပေါက်တပင်ကျေးရွာများမှဆည်ရေသောက်တောင်သူ များနှင့် တွေ့ဆုံကာ စပါးဧက ၁၀၀၀ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေးကိစ္စရပ်များ ပြောကြားသည်။ ထို့နောက် ၇မိုင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် မြို့နယ်မှဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ရေး၊ စီမံကိန်းသီးနှံများ အပြည့်အဝ အကောင်အထည်ဖော်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်/ပြန်ဆက်)**

## မကွေးတိုင်းစည်ပင်သာယာညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကျေးလက်စက်ရေတွင်းများ ကွင်းဆင်းကြည့်ရှု

**မကွေး ဇွန် ၂၅**

**မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်တာဝန်ရှိသူများသည် ဇွန်၈ရက်က ရေနံချောင်းမြို့နယ်သို့ ရောက်ရှိရာ အမှုဆောင်အရာရှိက ကျေးလက်၊ မြို့ပြရေပေးရေးနှင့် ကျေးလက်အိမ်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ချောက်မြို့နယ်အေးကုန်းကျေးရွာ ဒီပင်္ကရာဘုရားအနီး တူးဖော်လျက်ရှိသော စက်ရေ တွင်းကို ကွင်းဆင်းကြည့်ရှုကြသည်။ **(ယာပုံ)** အဆိုပါစက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်း ဖြစ်ပြီး ပြီးစီးပါက ပတ်ဝန်းကျင် ကျေးရွာခုနစ်ရွာကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံ ငွေဖြင့် တူးဖော်ပြီးစီးသော ချောက်မြို့နယ် ညောင်ပင် သာကျေးရွာ စက်ရေတွင်းကို ကြည့်ရှု၍ ရေပေးရေး ကော်မတီဖွဲ့စည်းရန် နှင့် စက်ကြွဲခိုင်မှု စနစ်တကျ ထိန်းသိမ်းရေးတို့ကို ပြောကြားသည်။ အဆိုပါ စက်ရေတွင်းသည် ၁နာရီလျှင် ရေဂါလန် ၈၀၀ထွက် ရှိသည်။

ဆက်လက်၍ဆိပ်ဖြူမြို့သို့ ရောက်ရှိပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိ၊ တာဝန်ခံ အင်ဂျင်နီယာတို့နှင့် အတူ တဲကြီးကျေးရွာတွင် သတ္တမအကြိမ် အလှူရှင် စက်ရေတွင်းတူးဖော်မည့် နေရာအား ရွေးချယ်ပေးပြီး တပ်စုကျေးရွာသို့ သွားရောက်ကာ သတ္တမအကြိမ် အလှူရှင်စက်ရေတွင်း တူးဖော်ပြီးစီးမှုအား ကွင်းဆင်း ကြည့်ရှု၍တည်ဆောက်နေသောရေစက်ရုံနှင့် ရေကန် အမြန်ပြီးစီးရေး မှာကြားသည်။ **(မြို့နယ်စည်ပင်)**

## လက်တွန်းထွန်စက်များ စလင်းမြို့နယ်၌ ရောင်းချ

**စလင်း ဇူလိုင် ၉**

မကွေးတိုင်း စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ စီမံမှုဖြင့် မြို့နယ်မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် စက်မှု လယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး၊ လယ်ယာ လုပ်ငန်းခွင် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာ(၁၆)လက်တွန်းထွန်စက် များကို တန်ဖိုး အရစ်ကျပေးစနစ်ဖြင့် ထုတ်ပေးရောင်းချလျက်ရှိသည်။

၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်အတွင်း ပထမအသုတ်အဖြစ် လယ်ယာ(၁၆) လက်တွန်းထွန်စက် ၁၁စီးနှင့် ပတ်သက်သော စာချုပ်စာတမ်းများကို မြို့နယ် မန်နေဂျာ ဒေါ်သီတာထွန်းက ဇူလိုင် ၆ရက်တွင် လွှဲပြောင်းပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုးသယ်ဆောင်သော ခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး၊ ငှက်ဖျားရောဂါ ကင်းစင်သော ဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သော ဒေသများသို့ သွားရောက် နေထိုင်အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမို ဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွား ပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါလက္ခဏာများမှာ–

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မိုန်းခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ဆောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက်စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုး ဝင်ခြင်း အပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

**(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း**

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသော အချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ ခြေ၊ မျက်နှာတို့တွင် ခြင်မကိုက်သည့် ဆေးလိမ်းပါ။

**(ခ) ခြင်ကို နှိမ်နင်းခြင်း**

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစား ငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျေးလက်သောက်သုံးရေကန် စုပေါင်းတူးဖော်

**ခင်ဦး ဇွန် ၂၂**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခင်ဦးမြို့နယ် မကျီးတုံကျေးရွာတွင်ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန် တူးဖော်မြေဖို့ခြင်း ကို ဇွန်၁၉ရက် နံနက်၆နာရီက စုပေါင်း ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင် ဝင်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းနှင့် အလုပ်အမှုဆောင် များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာ ဥက္ကဋ္ဌ ဦးပြုံးမောင်နှင့် ရွာသူရွာသား များအင်အား ၁၀၀၀ကျော်တို့ စုပေါင်း တူးဖော်ခဲ့ကြရာ ကျေးရွာသူ ကျေးရွာ သားများသောက် သုံးရေဖူလုံစွာ ရရှိ ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် စပါးစိုက်တောင်သူများ စပါးမျိုးသန့်ထုတ်လုပ်ရေးပညာပေးဆွေးနွေး

**ကျောက်ပန်းတောင်း ဇွန် ၂၉**

မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ်မှ စပါးစိုက်တောင်သူများ စပါး မျိုးသန့်ထုတ်လုပ်ရေးပညာပေး ဆွေး နွေးပွဲကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရုံးချုပ်မှ ကြက်မောက်တောင်ဆည် ရေသောက်ဒေသ၊ မကျီးတိုင်းအုပ်စု၊ စည်ပင်သာကျေးရွာတွင် ဇွန်၂၆ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ့စိုက် ပျိုးရေးရုံးချုပ် စိုက်ပျိုးရေး ဒေါက်တာ ဦးထွန်းဝင်း(စိုက်ပျိုးရေး)က တောင်သူ လယ်သမားများ တပိုင်တနိုင် စပါး မျိုးသန့်စိုက်ပျိုး ထုတ်လုပ်နည်းများနှင့် ပတ်သက်၍ အသေးစိတ်ပညာပေး ဆွေးနွေးကြပြီး တောင်သူများအား မျိုးသန့်စပါးရွေး ချယ်ရေးနည်းစနစ် များကို မကျီးတိုင်းကျေးရွာအုပ်စု စိုက် ပျိုးရေးနွေစပါးခင်းများသို့ သွားရောက် ၍ ကွင်းဆင်းပြသကြသည်။ **(ဗ၆၁)**



# မိတ္ထီလာ–မန္တလေးကားလမ်းတစ်လျှောက် လမ်းနှင့်တံတားများတည်ဆောက်ပြီးစီးမှု ဈေးချိုဆိုင်ခန်းနှင့် ကွန်ဒိုမီနီယံတည်ဆောက်မှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

**မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၈ရက် နံနက်၇နာရီက မိတ္ထီလာမြို့တပ်နယ် စုပေါင်းခန်းမသို့ ရောက်ရှိရာ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တပ်နယ် စုပေါင်းခန်းမ၌ မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ–မန္တလေး ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းဖောက်လုပ်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ နံနက် ၈နာရီ၁၅မိနစ်တွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ ဟုန်ပန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန္တလေး–မိတ္ထီလာ ခြောက်လမ်းသွား လမ်းစီမံကိန်း စီမံကိန်းမန်နေဂျာ ဦးကြည်စိုးက မန္တလေး–မိတ္ထီလာ ခြောက်လမ်းသွားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပွင့်လင်းရာသီထိမစောင့်ဘဲ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးကို မှာကြားသည်။

ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က မန္တလေး–မိတ္ထီလာလမ်းပိုင်းကို မိုင်တိုင်(၃၃၈/၀မှ၄၄၂/၅)အထိ ခြောက်လမ်းသွားလမ်းအဖြစ် တာဝန်ယူတည်ဆောက်လျက်ရှိရာ လမ်းသစ်မြေသား လုပ်ငန်းမှာ မြို့ရှောင်လမ်းများမှအပ အားလုံးပြီးစီးနေပြီး လမ်းဟောင်းမြေသားလုပ်ငန်းပြီးစီးမှု ၆၄မိုင် ၄ဖာလုံ၊ လမ်းသစ်အမာခံလမ်းပြီးစီးမှု ၄၄ မိုင် ၆ဖာလုံ၊ လမ်းဟောင်း အမာခံလမ်းပြီးစီးမှု ၃၃မိုင် ၂ဖာလုံ၊ လမ်းသစ် နိုင်လွန်ကတ္တရာခင်းပြီးစီးမှု ၄၀မိုင်၊ ၆ဖာလုံ၊ လမ်းဟောင်း နိုင်လွန်ကတ္တရာခင်းပြီးစီးမှု ၂၃မိုင်၇ဖာလုံရှိပြီး မိတ္ထီလာမြို့ရှောင်လမ်း ၉မိုင်၃ဖာလုံမှာ မြေသား အကျယ်ပေ၂၀၀ရှိ လမ်းအူကြောင်းအဖြစ် အားလုံးဖောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မိုင်တိုင်အမှတ်(၃၇၆)ရှိ ဟုန်ပန်းကုမ္ပဏီလီမိတက်၏ မကျည်းညီနောင်စခန်းကတ္တရာစက်ရုံသို့ ရောက်ရှိကြပြီး လမ်းခင်းကတ္တရာ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၈၀)သို့ ရောက်ရှိကြပြီး တိုင်းတံတားအနီး ရေကျော်နေရာ၌ မြေအောက်ရေမြောင်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၈၁/၂)၌ စက်ယန္တရားများဖြင့် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုနှင့် မြေအောက်ရေမြောင်း တိုးချဲ့တည်ဆောက်နေမှုအခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၈၅/၀)ရှိ ယုဇနချောင်းကူးတံတားအနီး၌ မန္တလေး–မိတ္ထီလာ အပြန်လမ်းသစ်အတွက် ချောင်းကူးတံတား တည်ဆောက်ရန်နေရာ သတ်မှတ်လျာထားမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၃၉၁/၀)၌ ကျောက်ချောလမ်းခင်းပြီးစီးမှုကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၃၉၂/၅)သို့ ရောက်ရှိကြပြီး ဒန်းချောင်းကူးတံတားအနီး၌ မန္တလေး–မိတ္ထီလာ အပြန်လမ်းသစ်အတွက် ချောင်းကူးတံတားတည်ဆောက်ရန် တံတားအောက်ခံအုတ်မြစ်တိုင်များ ဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ်(၃၉၃/၆)သို့ ရောက်ရှိကြပြီး အောက်ခံမြေသားခင်းခြင်းအတွက် အမာခံရရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဟံမြင့်မိုရ်ရွာ မိုင်တိုင်အမှတ် (၃၉၄/၅)သို့ ရောက်ရှိကြပြီး အဆိုပါနေရာ၌ မြေနှင့်ကျောက်ရောနှော၍ ခြောက်လမ်းသွားလမ်းထု အခြေခံလွှာခင်းပြီးစီးမှုနှင့် ငမြောင်ဆည် လက်ခွဲသရက်ချိုမြောင်းကို အကျယ် ၈ပေ၊ အနက်၅ပေ ဖောက်လုပ်ပြီးစီးမှုနှင့် ရေစီးဝင်မှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

### ပင်းချားတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက်၁၁နာရီ မိနစ် ၂၀တွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပင်းချားတံတားတည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ပင်းချားတံတား တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ ပင်းချားတံတားသည် မိတ္ထီလာ–မန္တလေးလမ်း မိုင်တိုင်အမှတ် (၄၀၉/၅)ရှိ ဇော်ဂျီမြစ်လက်တက်ပေါ်၌ တည်ရှိပြီး တံတားအရှည်မှာ ၂၂၄ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်၂၈ပေနှင့် တစ်ဖက်တစ်ချက်၌ လူသွားလမ်း ၃ပေစီရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်သည်။

### မြစ်ငယ်တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နံနက် ၁၁နာရီမိနစ် ၄၀တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၂)မြစ်ငယ်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆောလျင်စွာ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

မြစ်ငယ်တံတားမှာ တံတားအရှည်ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့်ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ်၄ပေစီပါရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်သံကူကွန်ကရစ်လွန်တူးပိုင်၊ ကိုယ်ထည် သံကူကွန်ကရစ်၊ အပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ၈၀နှင့် အမြင့် ၈ပေခွဲဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅တန်ဖြစ်သည်။

### ရောဝတီတံတား(ရတနာပုံ)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်တွင် မန္တလေးဘက်ကမ်းရှိ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း မန္တလေးဘက်ကမ်းတာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားသံပေါင်တပ်ဆင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စစ်ကိုင်းဘက်ကမ်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးစန်းဝင်းက တံတားတိုင်များပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ဝဲပုံ)**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မွန်းလွဲ၁နာရီတွင် မန္တလေးဈေးချို Shopping & Condominium တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြန်မာ–မန္တလေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသန်းဝင်းက မန္တလေးဈေးချို Shopping & Condominiumတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ မန္တလေးဈေးချို Shopping & Condominium ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာ–မန္တလေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းတည်ဆောက်ခြင်းဖြစ်ပြီး မြေအောက်ထပ်၌ ၃၀ရာခိုင်နှုန်းမှာ ကားရပ်နားရန်နေရာ၊ လျှပ်စစ်စနစ်၊ ရေသန့်စနစ်၊ ဆက်သွယ်ရေးစနစ်တို့ ပါဝင်မည်ဖြစ်ပြီး ကျန်၇၀ရာခိုင်နှုန်းတွင် ဆိုင်ခန်းပေါင်း ၁၂၀ပါဝင်မည်ဖြစ်သည်။ မြေညီထပ်၌၁၆ပေX၁၆ပေအကျယ်ရှိ ဆိုင်ခန်းပေါင်း ၂၁၀ပါဝင်မည်ဖြစ်ပြီး ပထမထပ်၌ ဈေးဆိုင်၂၁၀နှင့် ကားရပ်နားရန် နေရာများ ပါဝင်မည်ဖြစ်သည်။ ဒုတိယထပ်မှ ဆဋ္ဌမထပ်အထိ ကုန်စည်ပြပွဲခန်းမ၊ကုမ္ပဏီရုံးခန်းများနှင့် စူပါမတ်ကက်၊ ရေကူးကန်၊ တင်းနစ်အားကစားကွင်း၊ ကားရပ်နားရန် နေရာတို့ ပါဝင်မည်ဖြစ်ပြီး ကျန်၁၉ထပ်၌ ဧရိယာစတုရန်းပေ ၂၀၀၀ အကျယ်ရှိ နေအိမ်ခန်း ၁၅၂ခန်း ပါဝင်မည် ဖြစ်သည်။ **(သတင်းစဉ်)**

---

# အာဂုံဆောင်ဇာတ် စာအုပ်များလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများကျမ်းပြုအရှင်စန္ဒာဓောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)အရှင်မြတ်ရေးသားပြုစုသော အာဂုံဆောင်ငယ်ဇာတ်၊ အာဂုံဆောင် လတ်ဇာတ်နှင့် အာဂုံဆောင်ကြီးဇာတ် အပါအဝင် အစိုးရပါဠိပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများကို ဇူလိုင် ၉ ရက်တွင် ညောင်ရွှေမြို့ပေါ်ရှိ စာသင်တိုက်ကြီးများသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက် ပဓာနနာယက ဆရာတော်များ ကိုယ်စား အင်းလေးဖောင်တော်ဦးနန်းဦးကျောင်း လက်ထောက် ဆရာတော် ဦးဝိဇယက လက်ခံယူသည်။

---

# ရဲတပ်သားသစ်သင်တန်းဆင်းပွဲကျင်းပ

(က–မ)

**ရန်ကုန် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ် သင်တန်းအမှတ်စဉ်(၁၉၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၉ရက်က အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စံပြကျောင်းသားဆုကို ကသ–၅ မြတ်ကိုကို၊ ဥပဒေထူးချွန်ဆုကို ကသ–၁၁၇ ကျော်မင်းသူ၊ ရဲကျင့်ဝတ်ထူးချွန်ဆုကို ကသ–၆၁ စိုးထွန်းအောင်၊ စစ်ပညာထူးချွန်ဆုကို ကသ–၂၀၇ အောင်ကိုကို၊ သေနတ်ပစ်အကောင်းဆုံးဆုကို ကသ–၂၂၈ ရန်အောင်တို့က ရရှိခဲ့ကြပြီး ဆုများကို ရဲမှူးကြီးဝင်းခေါင်က ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် အလင်းသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ရီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေသန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

---

**အမှတ် ၂၆၂–၂၆၄ ပြည်လမ်း အခန်း(အေ) တတိယထပ် စမ်းချောင်းမြို့နယ်နေ မအိနှင်းပွင့်မိသားစု (Dagon Center Shopping Mall)တို့က ဖြုဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃၤန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)



ခဲခဲ ရင်ဆိုင် ဖြတ်သန်း

ချစ် နိုင် (စိတ်ပညာ)

Discount

DI

July Discount

Cotton Jacket

Discount

Ph : 526826, 510913

DI Ready Made

(Export Quality)



## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ တနင်္လာနေ့သည် အာဇာနည်နေ့ အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်။**

## အမည်ပြောင်း

အဖ ဦးလေးလွင်၏ သမီး တာချီလိတ်မြို့ အထက အဌမတန်း (စ)မှ မခြူးဝတ်ရည်လွင်အား မအေးငြိမ်းစံဟု ပြောင်းလဲခေါ်ပါရန်။

**မအေးငြိမ်းစံ။**

## အမည်ဖြည့်စွက်ခေါ်ပါရန်

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်နေ အဖဦးမိုးညို၏သမီး မဝေဝေထွန်း ၁၃/တခလ (နိုင်)၀၃၉၃၃၈ ကိုင်ဆောင်သူအား မဝေဝေထွန်း(ခ) မရီရီညိုဟု ပြောင်းလဲခေါ်ပါရန်။

**မဝေဝေထွန်း(ခ)မရီရီညို။**

Top Field 3030 Model Metabox, Silver box UPGRADE

ZN SATELLITE GROUP, Tel: 727548

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

အထက်ဖော်ပြပါ ဩဘာ တိုင်းရင်းဆေးအမျိုးမျိုး ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် အမှတ် ၄/၃၇၇၀/၂၀၀၄ အရ တစ်ဦးတည်းပိုင်ရှင်အဖြစ် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဩဘာ တိုင်းရင်းဆေးအမျိုးမျိုး ကုန်အမှတ်တံဆိပ်ဖြင့် မြန်မာတိုင်းရင်းဆေးအမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်တံဆိပ်၊ နာမည်နှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားသူ ပိုင်ရှင်၏ ခွင့်ပြုချက်မရဘဲ အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တံဆိပ်၊ အမည်၊ အမှတ်အသားများပြုလုပ်၍ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ ဖြန့်ချိခြင်း၊ လက်ဝယ်ထားရှိခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဒေါ်အေးအေးရီ(LL.B) ဒေါ်လှလှခိုင် (LL.B)**

**တရားရုံးချုပ်ရှေ့နေများ**

**အခန်းအမှတ် ၇၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁ နည်းဥပဒေ ၆၆)**

**မန္တလေးတိုင်းတရားရုံး**

**၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ် ၂၁၀**

သမဝါယမဘဏ်လီမိတက် နှင့် ၁။ ဦးထွန်းကြည်
၂။ ဒေါ်ခင်လှိုင်ထွန်း

**တရားနိုင်** **တရားရှုံး**

၁၉၉၉ခုနှစ် တရားမကြီးမှုအမှတ် ၁၄၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၁၆ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချ လိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၂၅) သာဓိအနောက် ကွင်းရှိ ဧရိယာ (၀ ဒသမ ၀၉၇)ဧကရှိ မြေကွက်အမှတ် ၄၆ (ခ)နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်းမနားမြို့ (၂)လမ်း မင်္ဂလာရပ်ကွက်ရှိ အဆောက်အအုံအမှတ် ၁၀၉။

လေလံကြမ်းခင်းဈေး – ကျပ်သိန်း ၁၀၀

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်ထွန်း**

**တိုင်းတရားသူကြီး။**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာရင်းရုံး

ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဖွင့်လှစ်မည့် အခြေခံစာရင်းကိုင် သင်တန်းအမှတ်စဉ် (၂၁)တက်ရောက်ရန် လျှောက်လွှာများခေါ်ယူခြင်း–

(Basic Accounting Course)

(For 2004 October Exam)

| | | |
|---|---|---|
| သင်တန်းဖွင့်မည့်ရက် | – | ၁–၈–၂၀၀၄ |
| သင်တန်းဖွင့်မည့်နေရာ | – | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာရင်းရုံး အမှတ် ၉၅/၁၁၂ ပြည်ထောင်စုလမ်း၊ (၆၄)ရပ်ကွက်၊ |
| သင်တန်းချိန် | – | စနေ၊တနင်္ဂနွေ ရုံးပိတ်ရက်များသာ |
| ပညာအရည်အချင်း | – | အခြေခံပညာ အထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ အသေးစိတ်အချက်အလက်များစုံစမ်းရန် ဖုန်း–၅၉၁၅၀၇ |

**ခင်စောတင့်**

**မြို့နယ်စာရင်းစစ်အရာရှိ။**

## လူပျောက်



ဦးမောင်ကို အသက်(၇၁)နှစ်ခန့်သည် အမှတ် ၃၇ A(၃) တတိယထပ် မဟာမြိုင်ဝန်ထမ်းအိမ်ရာ ဦးဝိစာရလမ်း ၄၁တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ပျောက်ဆုံးသွားခဲ့သည်မှာ (၅၀)ရက်ခန့် ရှိပြီဖြစ်ပါ၍ တွေ့ရှိက အမြန်ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဦးအေးသောင်း**

**ဖုန်း–၅၈၁၇၃၃–၅၃၂။**

## အိမ်ရောင်းမည် နေရာကောင်း

မြောက်ဒဂုံ (၃၅) ရပ်ကွက် ဗိုလ်မင်းရောင်လမ်း၊ ရေမီးစုံ။ ၁၅–ရပ်ကွက်၊ တော်ဝင်လမ်းသွယ် ရွှေပြည်သာ ပေ ၈၀ x ပေ ၆၀ (ပွဲစားမလို) **ဖုန်း–၅၃၅၅၁၆။**

## THREE STAR

Air-con ၊ ရေခဲသေတ္တာ တပ်ဆင် ပြုပြင် ရောင်းဝယ်ရေး (Good Second Air con) များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

**ဖုန်း–၇၀၅၇၈၄။**

## ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာများအတွက်အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်ကြောင်း နှိုးဆော်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်နယ်၊တိုင်းများရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုထားပြီးဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၁၅၀မှ လူငယ် ၁၃၃၉၁ဦး၊ မျက်မမြင်ကျောင်းလေးကျောင်းမှ ၃၁၈ဦး၊ နားမကြားကျောင်း တစ်ကျောင်းမှ ၁၅၆ဦး၊ ဘိုးဘွားရိပ်သာ ၃၉ခုမှ ဘိုးဘွား၁၉၁၅ဦးနှင့် စေတနာ့ဝန်ထမ်းအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ၁၀ကျောင်းမှ ၈၀၄ဦး၊ စုစုပေါင်းစေတနာ့ဝန်ထမ်း အဖွဲ့အစည်း ၂၀၄ခုမှ လူဦးရေ ၁၆၅၈၄ဦးကို နှစ်စဉ်ဆန်နှင့် ငွေကြေးများထောက်ပံ့ပေးလျက် ရှိပါသည်။ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှလည်း ဘိုးဘွားများ၊ လူငယ်များ၊ မသန်စွမ်းသူများ၏ ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့်သာယာလှပရေးအတွက် ကြိုးပမ်းထမ်းဆောင်လျက်ရှိသော်လည်း ၎င်းတို့အား ပိုမိုကူညီထောက်ပံ့ရန် လိုအပ်လျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသကဲ့သို့ အလှူရှင်၊ စေတနာရှင်များမှလည်း ဆန်၊ ငွေနှင့် ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းရရှိသော ဆန်၊ ငွေနှင့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ တာဝန်ယူခွဲဝေလှူဒါန်းပေးမည် ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(၁) ဦးမောင်ပီ၊ ရုံးအဖွဲ့မှူးဖုန်း–၆၆၄၃၅၄**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**(၂) ဦးဘိုးသန်း၊ ဖုန်း–၆၆၂၅၉၁**
**ညွှန်ကြားရေးမှူး**
**လူမှုဝန်ထမ်းဦးစီးဌာန**

**(၃) ဦးအေးဝင်း၊ ဖုန်း–၆၆၂၅၈၆**
**ဒုတိယညွှန်ကြားရေးမှူး**
**လူမှုဝန်ထမ်းဦးစီးဌာန**

**(၄) ဦးစိန်ဝင်း၊ ဖုန်း–၆၆၂၅၉၀**
**ဒုတိယညွှန်ကြားရေးမှူး**
**လူမှုဝန်ထမ်းဦးစီးဌာန။**

(B.A, B.Ed)

NPE

(B.A, B.Ed)

## ပြောင်းလဲခေါ်ပါရန်

ဦးတင်နိုင်၏သား အထက ၆ ရွှေပေါက်ကံ ဒသမတန်း (C) မှ မောင်ကျော်ဇင်ထွန်းအား မောင်ကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၈၀၉၄၈ ဆိုင်ကယ် လက် ဝယ်ရှိသူက မှတ်ပုံတင်မိတ္တူ(ကမ–၃)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ ပခုက္ကူခရိုင်ရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ပခုက္ကူ(ခရိုင်ရုံး)**

## အမြန်ရောင်းမည်

မြောက်ဒဂုံ၊ ဦးဝိစာရလမ်း၊ (၄၂) ရပ်ကွက်၊ ပေ ၄၀ x ပေ ၆၀ မြေ၊ နေရာကောင်း(လျှော့ဈေးဖြင့်)။

**ဖုန်း–၇၀၃၄၁၅ ၀၉–၈၀–၂၁၁၇၉။**

## ခွေးရောင်းရန်ရှိသည်

နိုင်ငံခြားမျိုးမှပေါက်သော အယ်ဖေးရှင်း သားပေါက်များ ရောင်းရန်ရှိသည်။

**ဖုန်း–၆၈၄၆၈၉။**

## မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ နဝမအကြိမ် နှစ်ပတ်လည် စုံညီအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **နေ့ရက်** – ၁–၈–၂၀၀၄ (တနင်္ဂနွေနေ့)
(ခ) **အချိန်** – နံနက်(၁၀း၀၀)နာရီ
(ဂ) **နေရာ** – မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(မြေညီထပ်) အမှတ်(၂၆/၄၂)၊ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

**မှတ်ချက်**။ ယင်းအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာနှင့်တကွ အစီရင်ခံစာကို စာတိုက်မှတစ်ဆင့် ကြိုတင်ပေးပို့ထားပါသည်။ အကယ်၍ အစည်းအဝေးဖိတ်စာ မရောက်ရှိလျှင်လည်း အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားကြေညာအပ်ပါသည်။ (၇–၇–၂၀၀၄) ရက်နေ့မှ အစည်းအဝေးပြီးဆုံးချိန်အထိ အစုရှယ်ယာများ လွှဲပြောင်းမှုမှတ်တမ်းကို ယာယီရပ်ဆိုင်းထားမည် ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**ရန်ကုန်တိုင်းတရားရုံး**
**(တွဲဖက်တိုင်းတရားသူကြီး–၁၂)**
**၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်–၈၃၀**

| | |
|---|---|
| အာရှနေဘဏ်လီမိတက် (ရွှေတောင်တန်းဘဏ်ခွဲ) (၎င်းအတွက်–ရုံးချုပ်ချေးငွေဌာန မန်နေဂျာ–ဦးထွေးကြိုင်) | နှင့် ၁။ ဦးမောင်ကြီး(ခ)ဦးစိုးမြင့်(ခ)ဦးသန်းညွန့် ၂။ ဒေါ်တင်တင်အုန်း၊ ၃။ ဦးအိုက်ရှန် ၄။ ဒေါ်အာဂူး၊ ၅။ ဦးယိကျိန် ၆။ ဒေါ်ကျွမ်းတီ၊ ၇။ ဒေါ်ရင်ရင် |
| **တရားလို** | **တရားပြိုင်များ** |

အထက်တွင်ဖော်ပြထားသော (၁)တရားပြိုင် ဦးမောင်ကြီး(ခ)ဦးစိုးမြင့်(ခ)ဦးသန်းညွန့်၊ (၂) တရားပြိုင် ဒေါ်တင်တင်အုန်း အမှတ် ၂၈၄၊ မြေညီထပ်၊ အခန်းအမှတ် ဆ/၁၊ ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို အာရှနေဘဏ်လီမိတက်က အပေါင်ချေးငွေ ၂၉၉၆၆၃၄၁၅ ကျပ် ၅၁ ပြား တိတိကို ပေးစေလိုမှုနှင့် မပေးပျက်ကွက်ပါက အပေါင်ပစ္စည်းကို ရောင်းချ၍ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်၏ ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သောင်းထွန်း**
**တွဲဖက်တိုင်းတရားသူကြီး–၁၂**
**ရန်ကုန်တိုင်းတရားရုံး။**

## နိုင်ငံခြားစက္ကူ(၉)မျိုး ဝယ်ယူလိုခြင်း

| စဉ် | ပစ္စည်းအမျိုးအစား | လိုအပ်ချက် | ပေးသွင်းရမည့်နေရာ | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | |
| ၁။ | Art Paper (85) gsm (31" x 43") (၂၅၀) ရွက်ပါ | ၉၀၃–ထုပ် (အထုပ်ကိုးရာသုံးတိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ | = ၄၀၀ ထုပ် |
| | | | အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) | = ၃ ထုပ် |
| | | | အလှကုန်ပစ္စည်းစက်ရုံ | = ၃၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံအမှတ်(၁) | = ၂၇၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (မန္တလေး) | = ၄၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (မကွေး) | = ၁၂၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (ရမည်းသင်း) (ဆပ်ပြာစက်ရုံ အမှတ်(၁)တွင် ပေးသွင်းရန်) | = ၄၀ ထုပ် |
| ၂။ | Foreign Duplex Board (270)gsm (31"x43") (၁၀၀)ရွက်ပါ | ၂၄၇၀–ထုပ် (အထုပ်နှစ်ထောင်လေးရာခုနစ်ဆယ်တိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ | = ၁၀၀၀ထုပ် |
| | | | အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) | = ၄၆၀ထုပ် |
| | | | အလှကုန်ပစ္စည်းစက်ရုံ | = ၆၅၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံအမှတ်(၁) | = ၃၀၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (မန္တလေး) | = ၂၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (မကွေး) | = ၂၀ ထုပ် |
| | | | ဆပ်ပြာစက်ရုံ (ရမည်းသင်း) (ဆပ်ပြာစက်ရုံ အမှတ်(၁)တွင် ပေးသွင်းရန်) | = ၂၀ ထုပ် |
| ၃။ | Sticker Paper (21"x30") (၁၀၀)ရွက်ပါ | ၂၀၀ ထုပ် (အထုပ်နှစ်ရာတိတိ) | အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) | = ၂၀၀ထုပ် |
| ၄။ | Wood Free Printing Paper (60)gsm (31"x43") (၅၀၀) ရွက်ပါ | ၂၂၀ ထုပ် (အထုပ်နှစ်ရာနှစ်ဆယ်တိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ | = ၂၀ထုပ် |
| | | | အဏုဇီဝဆေးဝါးထုတ်လုပ်ရေးစက်ရုံ(ရေခါး) (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံတွင်ပေးသွင်းရန်) | = ၂၀၀ ထုပ် |
| ၅။ | Foreign Printing Paper (50) gsm (31"x 43") (၅၀၀) ရွက်ပါ | | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ | = ၂၅ ထုပ် |
| | (က) | White | ၁၀ထုပ်(အထုပ်တစ်ဆယ်တိတိ) | |
| | (ခ) | Pink | ၅ ထုပ် (ငါးထုပ်တိတိ) | |
| | (ဂ) | Blue | ၅ ထုပ် (ငါးထုပ်တိတိ) | |
| | (ဃ) | Yellow | ၅ ထုပ် (ငါးထုပ်တိတိ) | |
| ၆။ | Glazes Transparent Paper (30"x40") | ၁၀၀ ထုပ် (အထုပ်တစ်ရာတိတိ) | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ | = ၁၀၀ ထုပ် |

တင်ဒါပိတ်ရက်။ ၂၀–၇–၂၀၀၄ အင်္ဂါနေ့ မွန်းလွဲ ၁၄း၀၀နာရီ

**မှတ်ချက်။** အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်–၆၆၃၄၈၁)

**စက်ရုံမှူး**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Electronic Engineer B.E (E.c)/ B.Tech (E.c) ကျား (၂)ဦး
၂။ Production Engineer B.E (E.c)/ B.Tech (E.c) ကျား (၁)ဦး
၃။ Q/C Engineer A.G.T.I (E.c) ကျား/မ (၁)ဦး
၄။ Production Supervisor A.G.T.I (E.c) ကျား/မ (၂)ဦး
၅။ Store Supervisor (ဘွဲ့ရ အတွေ့အကြုံရှိရမည်) မ (၁)ဦး
၆။ Skill Workers (၁၀ တန်း) ကျား/မ (၆)ဦး
၇။ Admin Staff (ဘွဲ့ရ အတွေ့အကြုံရှိရမည်) မ (၁)ဦး

(၁၀)ရက်အတွင်း Swallow King Service Centre အမှတ် (၅၅–၆၁)၊ ... ဖုန်း ၂၄၂၇၈၂၊ ၂၅၈၂၃၁၊ ၂၄၃၇၁၈ ...

## ခရုသင်း (သားမင်ဖြူ)

LEUCODERMA

## အမြန်ငှားလိုသည်

(စာသင်ခန်းအသုံးပြုရန်အတွက်)
အခန်းပိုင်ရှင်များဆက်သွယ်ပါ။
၂၆၁(ဒုထပ်–ယာ) ၃၉လမ်း(ထက်)
ကျောက်တံတားမြို့နယ်၊
ဖုန်း–၇၀၀၁၉၄။

## လိပ်ခေါင်း၊ဂရင်ဂျိနာ၊ ဇအိုနာ၊ အကျိတ်ဖြစ်သူများ

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမင်း (၆၈)နှစ်**
**B.Sc. Engineering**
**ညွှန်ကြားရေးမှူး(ငြိမ်း) လေကြောင်းဦးစီးဌာန**
**အင်ဂျင်နီယာချုပ်(ငြိမ်း)Air Mandalay Co.,Ltd.**

ဆရာဦးစိုးမင်း ၉–၇–၂၀၀၄ ရက် ညတွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**Engineering Department**
**Air Mandalay Co.,Ltd.**

## မရင်ရင်ထွေးနှင့်အများသိစေရန်ကြေညာခြင်း

ဦးအေးဟန်–ဒေါ်အေးသောင်း တို့၏သား ကိုသိန်းထိုက်စိုး ၈/ခမန(နိုင်)၁၀၂၆၂၄ နှင့် ဦးလွန်းဖေ–ဒေါ်ခင်ထွေးရီတို့၏သမီး မရင်ရင်ထွေး ၁၂/ကမရ(နိုင်)၀၄၉၇၀၆ တို့သည် အသိသက်သေလူကြီးများ၊ ရန်ကုန်တိုင်းတရားရုံးဦးစီးအရာရှိ ဒေါ်ခင်မာဝေရှေ့မှောက်၌ ၁၉–၂–၂၀၀၄ ရက်နေ့တွင် လက်မှတ်ရေးထိုးထားကြသော အကြင်လင်မယားဖြစ်ကြပါသည်။ သို့ပါ၍ မရင်ရင်ထွေးအား သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား ဥပဒေအရ အရေးယူမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုသိန်းထိုက်စိုး**
**၈/ခမန(နိုင်)၁၀၂၆၂၄။**

## ဒေါ်ကုန္ဒောဘာသ (ဒေါ်အေးမြင့်)
### (ကြခတ်ဝရွာ၊ ကွမ်းခြံကုန်းမြို့နယ်)
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ဝရွာနေ ဦးအောင်ခင်–ဒေါ်စိန်မိတို့၏သမီး၊ ဦးဆန်းထွန်း(ညွှန်ကြားရေးမှူး၊ တရားရုံးချုပ်)–ဒေါ်ရင်ရင်စိုးတို့၏မိခင်သည် ၁၄–၇–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ဆေးရုံမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ချွန်(ခ)ဒေါ်အေမီ
### အသက်(၈၁)နှစ်

ပဲခူးမြို့၊ ဥဿမြို့သစ်၊ ရပ်ကွက်ကြီး(၇/၂)၊ အမှတ် ၁၁၁၊ အုန်းတော ၃ လမ်းနေ (ဦးရှိန်)၏ဇနီး၊ ဦးကြည်ဝင်း(မြို့တော်စည်ပင်၊ငြိမ်း)–ဒေါ်ရီလေးချို၊ ဦးဝင်းရှိန်(MEPE၊ ငြိမ်း)–ဒေါ်ဝင်းဝင်းမော်၊ ဒေါ်လှဝင်း၊ ဒေါ်ဝါဝါ၊ ဦးစိန်ဝင်း(Summer Palace Hotel)–ဒေါ်ခင်ညိုဝင်းတို့၏မိခင်၊ ဦးဝဏ္ဏကြည်ဝင်း(ဟံသာဝတီ Servicing)–ဒေါ်သိမ့်သိမ့်၊ ဦးဗညားကြည်ဝင်း (Nichimo Co., Japan)၊ ဦးမျိုးမင်းထွဋ်(Premier Oil Co.,)–ဒေါ်စန္ဒာထွန်း၊ ဦးထွန်းထွန်းအေး(American Embassy )–ဒေါ်မေနှင်းခိုင်၊ ဒေါ်မေသက်ခိုင်၊ ဦးသက်ဝင်းထွဋ်(မြို့တော်စည်ပင်)–ဒေါ်ကြည်သာထူး(မြို့တော်စည်ပင်)၊ မောင်ဖြိုးမင်းပိုင်၊ မမေသဇင်တို့၏အဘွားနှင့် မြစ်ငါးယောက်တို့၏အဘွားသည် ၁၄–၇–၂၀၀၄ရက် ည ၉း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ချွန်(ခ)ဒေါ်အေမီ
### အသက်(၈၁)နှစ်

အသက်ရှင်စဉ်ကာလအတွင်း သားသမီး မြေးမြစ်များအပေါ် ရင်အုပ်မကွာ သွန်သင်စောင့်ရှောက်ပြုစုဆုံးမခဲ့သော ပဲခူးမြို့၊ ဥဿမြို့သစ်၊ ရပ်ကွက်ကြီး(၇/၂)၊ အမှတ် ၁၁၁၊ အုန်းတော ၃ လမ်းနေ ဦးစိန်ဝင်း(Summer Palace Hotel)–ဒေါ်ခင်ညိုဝင်းတို့၏မိခင်သည် ၁၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(Summer Palace Hotel)**
**(Olympic Hotel)**
**Olympic Hotel (Thuwunna)။**

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဝင်းမောင်–ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသောသမီးထွေး မအေးမြင့်မြတ်မောင် (ဆဋ္ဌမတန်း၊ ရန်ကင်း၊ တီတီစီ)၊ အသက်(၁၂)သည် ၁၀–၇–၂၀၀၄ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ငွေးလွင်၊ကြည်စိန်၊ကြည်မင်း၊အေးမင်း၊**
**ရဲထွဋ်၊ချစ်လှ၊ဝင်းအောင်၊စောဝင်း၊**
**တင်မျိုးမြင့်။**

## ဦးဖေမြင့်
### (ယစ်မျိုးမှူး)
### လ/ထညွှန်မှူး(ငြိမ်း)ပြည်တွင်းအခွန်
### အသက်(၈၄)နှစ်

မြန်မာနိုင်ငံ ယစ်မျိုးဌာန ဝန်ထမ်းဟောင်းများနှင့် သားသမီးများ၏ ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး ဦးဖေမြင့်သည် ၁၅–၇–၂၀၀၄ရက် ညနေ ၄း၁၀ နာရီတွင် ယစ်မျိုးဓမ္မာရုံ၌ကွယ်လွန်သွားပါ၍၁၇–၇–၂၀၀၄ရက် မွန်းလွဲ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ယစ်မျိုးဓမ္မာရုံမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

## ဒေါ်သင်းညွန့်(ခ)
## ဒေါ်သိန်းညွန့် (အင်္ဂပူ)
### အသက်(၈၁)နှစ်

အင်္ဂပူမြို့နေ ရဲမင်းကြီးဟောင်း ဦးဘအုန်း–ဒေါ်ခင်စောတို့၏ တစ်ဦးတည်းသောသမီး၊ ဒုတိယဗိုလ်မှူးကြီး မြင့်မောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဂုဏ်ရည်ပစ္စည်းလုပ်ငန်း၊ ငြိမ်း)–ဒေါ်တင်တင်ဝင်း(အထက်တန်းပြ၊ ငြိမ်း)တို့၏အစ်မကြီးသည် ၁၅–၇–၂၀၀၄ရက် နံနက် ၆ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊တန်ဆောင်းဒါယကာကြီး
## ဦးမြငြိမ်း
### အသက်(၇၂)နှစ်

ကျုံမငဲ့ကျေးရွာနေ (ဦးမောင်ညွန့်–ဒေါ်သန်းရှိန်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊အမှတ် ၇ နေ ဒေါ်တင်လှ၏ခင်ပွန်း၊ ဦးစိုးတင့်–(ဒေါ်မြမြသန်း)၊ ဦးဘငွေး–ဒေါ်လှလှသန်း၊(ဦးငွေးဝင်း)–ဒေါ်မြင့်မြင့်နွယ်၊ ဦးမျိုးညွန့်–ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ ကိုညို–မခိုင်၊ ကိုသီဟသက်တင်–မဇာခြည်၊ မောင်သီဟ၊ မောင်သီဟဟိန်း၊ မောင်အောင်မြတ်ငွေး၊ ဗိုလ်လောင်းသက်ထူးအောင်၊ မောင်ရဲလင်းချို၊ (မသက်ထားဝေ)၊ မဟန်နီအောင်၊ မောင်ဝင်းမင်းထူး၊ မမျိုးမြတ်နိုင်တို့၏အဘိုးသည် ၁၄–၇–၂၀၀၄ ရက် ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်နီ(ခ)အွန်ပိတ်ဟာ (ပုသိမ်)
### အသက်(၇၅)နှစ်

ပုသိမ်မြို့နေ (ဦးတော့ဝါ–ဒေါ်ရှင်းမား)တို့၏သမီး၊ ပုသိမ်မြို့နေ(ဦးဂေရှူး–ဒေါ်ဖျင်းနား)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ ပုသိမ်လမ်း၊ အမှတ် 6 (H) နေ ဦးဝင်းကြည်(ခ)ဦးချိန်တီ၏ဇနီး၊ ဒေါ်ကြည်လေး၏အစ်မ၊ ဦးကြည်စိန်၊ ဒေါ်ခင်မေလွင်၊ ဒေါ်ခင်မေစန်း၊ ဦးကြည်အောင်–ဒေါ်ခင်တင့်၊ ဒေါ်တင်တင်ထွေးတို့၏မိခင်၊ ဇေယျာလင်း၊ ဥမ္မာအောင်တို့၏အဘွားသည် ၁၅–၇–၂၀၀၄ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## မောင်ရန်နောင်စိုး
### (တက–အငြိမ်းစား)
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မဟာဗန္ဓုလလမ်း၊ (၃၉–B)ရပ်ကွက်၊ အမှတ် ၂၃၆ နေ ဦးစိုးမြင့်(ရဲစခန်းမှူး၊ အငြိမ်းစား) – ဒေါ်တင်တင်မာ(ခ)ဒေါ်တီတီမာတို့၏သားထွေး၊ ဒုရဲအုပ်ဇာနည်စိုး(ပြည်သူ့လွှတ်တော် ဝင်/ထွက်ခွင့်စိစစ်ရေးအဖွဲ့)၏ညီ၊ ဦးမျိုးစစ်ဦး၊ မသင်းသင်းမွေးတို့၏ညီ/မောင်၊ မအိသဥ္ဇာမျိုး၏ဦးလေးသည် ၁၃–၇–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁း၄၅ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ကိုအောင်ရဲမြင့်
### အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းအိမ်ရာ၊ တိုက် ၉၊ အခန်း ၀၀၁ နေ ဦးရဲမြင့်–ဒေါ်ခင်မြင့်တို့၏ သားကြီး၊ (ဦးထွန်းတင်–ဒေါ်အေးရင်)တို့၏မြေး၊ ဦးကြည်စိန်–ဒေါ်ခင်သိန်း၊ ဦးရဲညွန့်–ဒေါ်ရီစီခိုင်၊ (ဦးသန်းမြင့်)–ဒေါ်သန်းသန်းဦး၊ ဒေါ်ခင်မြင့်တို့၏တူ၊ ဦးမြင့်ဦး–ဒေါ်တင်နွယ်ဝင်း၊ ဦးစိုးသီဟ–ဒေါ်နှင်းနှင်းမြင့်တို့၏ ညီ/မောင်၊ ဦးသစ္စာ–ဒေါ်ဖြူဖြူမြင့်၊ ဒေါ်မွန်မွန်မြင့်၊ ဦးကျော်သူရရွှေ–ဒေါ်တင်မင်းပိုက်၊ ဒေါ်ဖြူဖြူ၊ ဦးရဲဝဏ္ဏ–ဒေါ်မူမူတို့၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၅–၇–၂၀၀၄ရက် နံနက် ၃ နာရီတွင် ဗဟိုရိုးစည်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ကျောင်းဒါယိကာမကြီး
## ဒေါ်ကြင်သောင်း (ညောင်လေးပင်)
### သနပ်ခါးပင်ကျောင်း (တောရကြီး၊ညောင်လေးပင်)
### အသက်(၇၃)နှစ်

ညောင်လေးပင်မြို့၊ အာဇာနည်လမ်းနေ (ဒေါ်ကြင်မြိုင်)၏တူမ၊ (ဦးကြာညွှန့်–ဒေါ်ဒေါ်သိန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၇၅ (A/B)၊ အခန်း ၁၊ ၄၊ ၁၀ နေ ဒေါ်ခင်စွမ်ညွှန့် (S.A.T၊ ငြိမ်း၊ အထက–၁၊ အလုံ)၊ ဦးခင်မောင်လွင်–ဒေါ်ကြင်လွမ်၊ ဗိုလ်မှူးကြီးထိန်ဝင်း(တပ်မတော်–ရေ၊ ငြိမ်း)–ဒေါ်အေးမာလာ၊ ဦးသိန်းဝင်း(ကထိက၊ ငြိမ်း၊ ပညာရေးတက္ကသိုလ်)–ဒေါ်ခင်ဦးသန်း၊ ဦးအေးဝင်း(ကန်ထရိုက်တာ၊ ဘဏ္ဍာရေးမှူး၊ညောင်လေးပင်မြို့နယ်အသင်း)–ဒေါ်နုကြည်(အထပြ၊မင်္ဂလာတောင်ညွှန့်–၁)တို့၏အစ်မကြီးသည် ၁၄–၇–၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၇– ၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်လှဖြူ (ပေါင်းတည်)
### အသက်(၇၀)

ပေါင်းတည်မြို့နေ(ဦးမောင်တင်–ဒေါ်ဖွားရွှေ)တို့၏သမီး၊(ဦးချိန်–ဒေါ်သန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၂၃၊ မယ်ဇလီပင်လမ်းနေ ဦးအုန်းကျော်(မောင်ကျော်သာ)အမှုဆောင်အယ်ဒီတာ(ငြိမ်း) (မြဝတီပုံနှိပ်တိုက်၊ ပြန်ကြားရေးဝန်ကြီးဌာန)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးစောဦး(တပ်ရင်းမှူး)–ဒေါ်သန္တာစော၊ ဒေါ်ကျော်ကျော်ဖြူ၊ ဦးအောင်ထွန်း–ဒေါ်ပုံ့ပုံ့ဖြူတို့၏မိခင်ကြီး၊ သင်းပြည့်ဦး(တ–နှစ်၊ စီးပွားရေးတက္ကသိုလ်)၊ ချောပြည့်ဦး(ဒု–နှစ်၊ စီးပွားရေးတက္ကသိုလ်)၊ ရွှေတက်ရည်ဦး (အထက–၂၊ မင်္ဂလာဒုံ)တို့၏အဘွားသည် အာရုတော်ဝင်ဆေးခန်း၌ ၁၄–၇–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးကျင်လိုက် (မြိတ်)
### အသက်(၆၂)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်၊ ဗိုလ်ဗထူးလမ်းနေ (ဦးကြူဝါ)–ဒေါ်ကြည်တို့၏သား၊ (ဦးအောင်ဖူး–ဒေါ်လားမ)တို့၏သားသမက်၊ (ဒေါ်သောင်းအေး)၏ခင်ပွန်း၊ ဦးစိုက်ရာ–ဒေါ်ကြည်ကြည်ဆွေတို့၏ညီ၊ ဦးမြင့်စိုး–ဒေါ်ရှုတင်၊ ဦးတိတ်ဂွမ်–ဒေါ်သန်းသန်းဝင်း၊ ဦးလှအောင်–ဒေါ်တင်ကြူ၊ Dr.မြင့်စိုး–Dr.မြမြစိုးတို့၏အစ်ကို၊ ကိုအောင်မိုး–မအေးအေးစံတို့၏ဖခင်၊ မအိထွေးချို၏အဘိုးသည် ၁၅–၇–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမကြီး
## ဒေါ်အမာ (ဂုဏ်ပိုးထည်တိုက်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ်၁/၃(က)၊ ရွှေတောင်ကြားရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးလှကြည်–ဒေါ်နှင်းညွှန့်)တို့၏သမီး၊ ဦးဘုန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၏ဇနီး၊ (ဦးညွှန့်မောင်–ဒေါ်ကြည်ကြည်)၊ ဦးကျော်ညွှန့်–ဒေါ်တင်ညွှန့်၊ (ဦးအေးကျော်)–ဒေါ်သန်းကြည်တို့၏ညီမ၊ ဦးညွှန့်အောင်–(ဒေါ်မြင့်မြင့်)၊ဒေါ်တင်ကြည်၊ဦးမောင်မောင်–(ဒေါ်ဖူဂျီတိုကြည်)တို့၏အစ်မ၊ဒေါက်တာမင်းဘုန်းမြင့်–မဥမ္မာဝင်း၊ မရတနာဘုန်းမြင့်၊ ကိုဘုန်းမင်းထွဋ် (ခန့်ထူးဖိနပ်လုပ်ငန်း)–မတင်ရီရီဦး(ပိုးပိုး)တို့၏မိခင်၊ မတင်ဇာမင်းမင်း(ဖူးဖူး)၊ မဆင်းစံဝတီ(ပူးပူး)တို့၏အဘွားသည် ၁၂–၇–၂၀၀၄ ရက် နံနက် ၁း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်ခင်ခင်(ခ)ခေါ်ခင်ဟိုး
### (အင်္ဂလိပ်မက်သဒစ်ကျောင်းသူဟောင်း)
### အသက်(၇၉)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်းသွယ်၊ အိမ်အမှတ် ၃၂/၂ နေ ဦးလှရွှေ၏ဇနီး၊ မာမာချို၏မိခင်၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်၊ ဗောဓိလမ်း၊အိမ်အမှတ် ၂၉၄ နေ ဒေါ်မြမြ၏ညီမသည် ၁၅–၇–၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၇–၇–၂၀၀၄ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နှောင်းစိန်
### သားဖွားဆရာမ(ငြိမ်း)
### အသက်(၇၁)နှစ်

ညောင်တုန်းမြို့၊ မီးစက်လမ်းနေ ဦးစောရွှေမွေ့လှ၏ဇနီး၊ (ဦးစံဒွေး–ဒေါ်လေးစိန်)တို့၏သမီး၊ နော်ကြူကြူလှ–စောအယ်စေး၊ နော်ဝါဝါလှ–မောင်အောင်ဇော်ငွေး၊ နော်ကြည်ကြည်လှ–ဦးမြို့သစ်မောင်(မြို့လျှပ်စစ်မှူး)၊ နော်သန်းသန်းလှ–မောင်ဝင်းနောင်၊ နော်အေးအေးလှ–မောင်စိုးမြင့်(သဇင်ကဖီး)၊ နော်ဖြူဖြူလှ–စောချားလ်ဒီခိုင်၊စောမျိုးစံထွန်း(မြို့လျှပ်စစ်မှူး)–နော်ခင်ငွေးရီတို့၏ မိခင်၊ မြေး ၁၂ ယောက်တို့၏အဖွားသည် ၁၄–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀ နာရီ၌ နေအိမ်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၆–၇–၂၀၀၄ရက်(သောကြာနေ့)တွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ရဟန်းဒါယကာ
## ဦးထွန်းကြည် (ကျိုက်ထို)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ဇာနည်အထက် ၁၃ လမ်း၊ အမှတ် ၄၆၆၊ (၉)ရပ်ကွက်နေ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးတင်အောင်–ဒေါ်ကျင်သန်း(ဂျွန်စတိုး)–မကျင်စန်း၊ မခင်မော်၊ မမြင့်မြင့်ရီ၊ ကိုကျော်ထူး၊ မမြင့်မြင့်သော်၊ (ကိုလှထွဋ်)၊မနိုင်နိုင်ယဉ်၊ကိုမင်းခန့်ဦး–မလှလှထွေးတို့၏ဖခင်၊ မောင်ဂျွန်ဝေယံအောင်၊ မမဝတ်လျှံဖြိုး၊ မောင်မောင်ပြည့်လျှံဖြိုး၊ မမေယမင်းသော်၊ မောင်သော်ဇင်မင်းခန့်တို့၏အဘိုးသည် ၁၄–၇–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ကျိုက်ထိုမြို့နယ်အသင်း
## ဦးထွန်းကြည်
### ကျိုက်ထိုမြို့နယ်အသင်း
### ရာသက်ပန်အသင်းဝင်
### အသက်(၆၉)နှစ်

ဦးထွန်းကြည်သည် ၁၄–၇–၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၁၆–၇–၂၀၀၄ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျိုက်ထိုမြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ [အမှတ် ၄၆၆၊ ဇာနည် ၁၃ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] အမှုဆောင်အဖွဲ့။

## ဦးကွမ်းရီ (ပွဲစားကြီး)
### (ကျောက်မဲမြို့)
### အသက်(၁၀၀)

ကျောက်မဲမြို့၊ အမှတ် ၄/၅၃၊ ရွှေဖီဦးလမ်း၊ (၄)ရပ်ကွက်နေ (ဒေါ်စက်ဗမ်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးလီရှင်–ဒေါ်ထားထား၊ ကျောက်မဲမြို့နေ ဦးပါ–ဒေါ်ယုယုဆွေ၊ ရန်ကုန်မြို့နေ ဦးစိုးမြင့်–ဒေါ်ထားကြည်(စပါယ်လက်ဖက်ခြောက်)တို့၏ဖခင်၊ မောင်ကျော်စွာမြင့်၊ မောင်အောင်အောင်၊ မသူဇာနိုင်၊ မသင်းသင်းယု၊ မဝေခြည်ဇာနိုင်၊ မောင်နေမင်းစိုး၊ မနှင်းနှင်းယုတို့၏အဘိုးသည် ၁၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇–၇–၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၉၈၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးညိုကြည် (မြောင်းမြ)
### စာရင်းစစ်အရာရှိ(အကျဉ်းဦးစီးဌာန)
### အသက်(၇၆)နှစ်

တိုက် ၁၁၊ အခန်း ၁၀၊ လမ်းသစ်ရိပ်သာ၊ လမ်းမတော်မြို့နယ်နေ (ဦးဘအေး–ဒေါ်သိန်းမေ)တို့၏သား၊ ဒေါ်ခင်မူတင့်(လဝက၊ ငြိမ်း)၏ခင်ပွန်း၊ ဦးတင့်အောင်ကြည်–ဒေါ်အေးအေးခိုင် (ခိုင်–လက်ဖက်ရည်၊ ပုသိမ်)၊ဒေါ်သီတာကြည် (လဝက၊ လသာ)၊ ဒေါက်တာနီလာကြည်(ဓာတုဗေဒဌာန၊ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင်းဝင်းကြည် (အလက–၄၊ မရမ်းကုန်း)–ဦးကြည်ခိုင် (ခရမ်း ရဲစခန်း)၊ ဒေါ်နေဝင်းကြည် (မစဘ ဘဏ်ခွဲ–၅)၊ ဒေါ်စန္ဒာကြည် (ဆေး/သု)တို့၏ဖခင်၊ မခိုင်ဆုလဲ့ရည်၊ မယုမြတ်မွန်၊ မောင်အောင်ဆက်ပိုင်တို့၏အဘိုးသည် ၁၄–၇–၂၀၀၄ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ရဟန်း၊ကျောင်း၊ထီး၊တံတိုင်း
## ဒါယိကာမကြီး
## ဒေါ်စောလှ (ကျောက်မြောင်း)
### အသက်(၆၈)နှစ်

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာ၊ မြောက်ကျောင်းနေ ဦးသုန္ဒရ၏ မယ်တော်၊ သရက်ကန်ကျေးရွာနေ ဦးမြင့်မောင်–ဒေါ်လှသန်းတို့၏မိခင်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ–ဒေါ်စန်းယုထွန်း၊ ဦးမြင့်လှိုင်–ဒေါ်မြင့်မြင့်သန်း၊ မစန်းကြည်၊ ဦးခင်မောင်အေး–ဒေါ်ခင်မာ၊ မခင်မာမွေး၊ သရက်ကန်ကျေးရွာနေ ဦးကျော်ဆွေတင့်–ဒေါ်ခင်မာကြည်တို့၏ မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၅–၇–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂း၂၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၃၇၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးတင်ထွေး (ပခုက္ကူ)
### ညွှန်ကြားရေးမှူး
### ချင်းပြည်နယ်သစ်တောဦးစီးဌာန
### အသက်(၅၅)နှစ်

ပခုက္ကူမြို့နေ (ဦးစံလုံ–ဒေါ်စိန်ပွင့်)တို့၏သားထွေး၊ (ဦးအုန်းညွှန့်)–ဒေါ်ခင်သန်းတို့၏သားသမက်၊ ဦးငြိမ်းမောင်–ဒေါ်နွဲ့နွဲ့၊ ဦးအောင်ကြင်–ဒေါ်စိန်ရီ၊ ဦးအောင်စန်း(စက်ရုံမှူး၊ စလေ ဓာတ်မြေသြဇာစက်ရုံ)–ဒေါ်ခင်ခင်အေး (အထက်တန်းပြ၊ ငြိမ်း)တို့၏ညီ/မောင်၊ ဦးမျိုးမင်း– (ဒေါ်သင်းသင်းညွှန့်၊ ဌာနခွဲမှူး၊ ရန်ကုန်စည်ပင်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ် ၁၁(ငါးလွှာ)၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်နေ ဒေါ်နွယ်နွယ်ညွှန့်၏ခင်ပွန်း၊ မောင်နောင်လွင်(E.Cadet Uniteam)၊မောင်ငြိမ်းသူ(Final Year Chemistry)၊ မခိုင်သဥ္ဇာ(Second Year Chemistry)တို့၏ဖခင်၊ မသဲနုစိုး(IX လသာ–၂)၊ မောင်အောင်ဟိန်းကျော်(VII ဒဂုံ–၁)တို့၏ဘကြီးသည် ၁၄–၇–၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
## ဒါယိကာမကြီး
## ဒေါ်အေးခင် (ထောက်ကြန့်)
### အသက်(၉၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ရွာမရပ်ကွက်၊ ပိတောက်လမ်းနေ (ဦးကုလား)၏ဇနီး၊ (ဦးအုန်းကျော်မြင့်)–ဒေါ်တင်အေး၊ (ဦးကျော်ဝင်း)–ဒေါ်စန်းရှင်၊ ဦးကျော်ရွှေ၊ (ဦးစိုးဝင်း–ဒေါ်တင်တင်ဝင်း)၊ ဦးမေအောင်–ဒေါ်ခင်စိုးမြင့်၊ (ဦးမျိုးမြင့်)၊ ဒေါ်သိန်းသိန်းငွေး(အထက–၃၊ မင်္ဂလာဒုံ)တို့၏မိခင်၊ မြေး ၂၀ယောက်၊မြစ် ၂၁ ယောက်တို့၏အဘွားသည် ၁၄–၇–၂၀၀၄ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
## ဒါယိကာမကြီး
## ဒေါ်ကြင်အေး (တွံတေး)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၆၅၊ အခန်း ၁၇ နေ (ဦးဘိုးဝါ–ဒေါ်သဲညွန့်)တို့၏သမီး၊ (ဦးဖွမ်းရှိန်–ဆိပ်ကမ်း ကုန်ဝန်ထောက်၊ ငြိမ်း)၏ဇနီး၊ ဦးကြင်ရှိန် (ဆလရဝန်ကြီးရုံး၊ ငြိမ်း)–ဒေါ်မြင့်မြင့်သန်း (စိုက်/မွေး)၊ ဦးတင်ဝင်း–ဒေါ်ဝင်းဝင်းအုန်း၊ ဦးနေဝင်းကြည် (လွယ်ဟိန်း) – ဒေါ်လှမြင့် (စက်မှုဆေးဝါး၊ ငြိမ်း)၊ ဒေါ်ခင်အေးမြင့် (အထက–၁၊ ဒဂုံ)၊ ဒေါ်တင်တင်လှ၊ ဦးစိန်ဝင်းမြင့်(မြန်မာ့ရေနံ)၊ ဦးသိန်းငွေး (စစစ၊ မန္တလေးတိုင်း)–ဒေါ်စမ်းစမ်းမြင့်၊ ဦးတင်မောင်ထွေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၅–၇–၂၀၀၄ရက် နံနက် ၀း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၇–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်အေးမြင့်
### အထုပ်ရုံခွဲမှူး(ငြိမ်း)
### ဂုန်နီစက်ရုံ(အုတ်ကျင်း)
### အသက်(၇၀)

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ် ၁၇နေ (ဦးအင်လှိုင်–ဒေါ်အေးညွန့်)တို့၏ သမီးလတ်၊ ဦးဘဆောင်း (ဒု–လ/ထ ညွှန်ကြားရေးမှူး၊ စက်မှုအထည်)၏ဇနီး၊ (ဦးကျင်သိန်း)–ဒေါ်ဘောဘီတို့၏ညီမ၊ ဦးသန်း–ဒေါ်မာမာသန်းတို့၏အစ်မ၊ ဒေါ်ခင်သက်တင်(စက်မှု/အထည်)၊ဒေါ်စန်းစန်းအေး(စက်မှု/ကြွေမြေ)၊ ဦးအုန်းကျော်(မြို့တော်စည်ပင်) – ဒေါ်စန်းစန်းအေး(အလုံ့မူကြို)၊ ဒေါ်ခင်သက်နိုင်(မြို့တော်စည်ပင်)၊ဦးသိန်းတန်(စက်မှု/အထည်)၊ မယုယုဝေ(မဟာဝိဇ္ဇာ ပထမနှစ်၊ နိုင်ငံတကာဆက်ဆံရေး)တို့၏မိခင်၊မမေသူခိုင်(အမက–၆၊ဗိုလ်တထောင်)၏အဘွားသည် ၁၅–၇–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက် (စနေနေ့)ညနေ ၃း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## မခင်နန်းနွယ်(ခ)
## ပေါက်ပေါက်
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၅၇(ခြောက်လွှာ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးနေ (ဗိုလ်ကြီးစိုးလွင်)–ဒေါ်နန်းရွှေတို့၏ တတိယမြောက်သမီး၊ အမှတ် ၃၁၊ ၅၂ လမ်းနေ ဦးမြင့်ရှိဏ်–ဒေါ်မိမိရီတို့၏ သမီးချွေးမ၊ဦးလင်းထင်ရှိဏ်(Uniteam Co.,Ltd. 2nd Mate)၏ဇနီး၊ မောင်ရှိုင်းမင်းထင်ရှိဏ်(III-F ၊အထက–၁၊ ဒဂုံ)၊ မောင်နေလင်းထင်ရှိဏ်တို့၏မိခင်၊ ဦးကြည်လွင်–ဒေါ်အေးအေးမူ၊ ဦးဇော်မင်းခိုင်–ဒေါ်နုနုလွင်၊ ဦးထွန်းလွင်–ဒေါ်ဆွေဆွေလွင်၊ ဦးဆောင်းဝင်း–ဒေါ်နွယ်နွယ်လွင်တို့၏ညီမ၊ ဦးငွေးဝင်း–ဒေါ်အေးမိရှိဏ်၊ ဦးထွန်းအုံ–ဒေါ်ခင်မူယာရှိဏ်၊ဦးကိုကိုလွင်–ဒေါ်ချောစုလှိုင်၊ ဦးမင်းလွင်–ဒေါ်နီလာစန်းလွင်၊ ဦးအေးမင်း–ဒေါ်ရွှေရည်လွင်တို့၏အစ်မ၊ တူ တူမ ၁၇ ယောက်တို့၏ အဒေါ်သည် ၁၂–၇–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးခင်မောင်
### ငွေကိုင်မှူး(ငြိမ်း)အကောက်ခွန်ဦးစီးဌာန
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊အမှတ်၆၉၇၊ဝရဇာ၅လမ်း(အထက်)၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ(ဦးမောင်ကြည်–ဒေါ်သိန်းလှ)တို့၏သား၊ (ဒေါ်တင်တင်)၏ ခင်ပွန်း၊ (ဦးညွန့်မောင်)–ဒေါ်ကြွေတို့၏ အစ်ကို၊ ဦးလှမြင့်(ရဲအုပ်)–ဒေါ်ရီရီထွေး၊ ဦးလှညွန့်(တပ်မတော်–ရေ) – ဒေါ်လှညွန့်၊ ဦးမြသူ (ဒုလ/ထ အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)–ဒေါ်မေရီမြင့်၊ ဦးဇော်ဝင်း–ဒေါ်နီလာစိုး (အသေးစားချေးငွေလုပ်ငန်း၊လမ်းမတော်)၊ ဦးမြင့်အောင်(မြန်မာ့သစ်လုပ်ငန်း)–ဒေါ်အေးအေးမူ(အား/က)တို့၏ဖခင်၊မြေး၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၄–၇–၂၀၀၄ရက် ည ၉း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈–၇–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးစိုးလှိုင် (ရဲတပ်ကြပ်၊ ငြိမ်း)
### တိုက်ကြီးမြို့နယ်၊
### အိုင်ကလောင်ကျေးရွာ
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၃၁ နေ (ဦးသန့်–ဒေါ်ညွန့်)တို့၏သား၊ (ဦးဘစော–ဒေါ်တင်မေ)တို့၏သားသမက်၊(ဦးစိန်ဝင်း)–ဒေါ်စောလှ၊ (ဦးအောင်လှိုင်)–ဒေါ်ငြိမ်းတို့၏ညီ၊ (ဒေါ်မြင့်မြင့်စော)၏ခင်ပွန်း၊ ဦးလှမြင့်–ဒေါ်သန်းသန်းစိုး၊ ဦးမြင့်ဆွေ–ဒေါ်အေးအေးစိုး၊ ဦးသန်းငွေး–ဒေါ်လှလှစိုး၊ဦးအောင်အောင်စိုး(ဆိပ်ကမ်းရဲစခန်း)၊ မငွေးငွေးဝင်း၊ ဦးဇော်နိုင်–ဒေါ်မာလာစိုး၊ ဦးမင်းလွင်–ဒေါ်ယမင်းစိုး၊ ကိုဇေယျာစိုး၊ မောင်ဇော်မင်း–မအိရွှေစင်စိုးတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၁၅–၇–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၇–၂၀၀၄ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးအအေးတိုက်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၃၉၊ ၁၄၈ လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ကျောင်းဒါယိကာမကြီး
## ဒေါ်ကြင်သောင်း (ညောင်လေးပင်)
### သနပ်ခါးပင်ကျောင်း
### (တောရကြီး၊ညောင်လေးပင်)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၇၅(A/B)၊ အခန်း ၁၊ ၄၊ ၁၀ နေ ဒေါက်တာသာထက် (ဓမ္မိတိုက်နယ်ဆေးရုံ၊ ဟသ်ာတ)–မညွှန့်ညွှန့်ဝင်း၊ ကိုဝင်းထူးညွှန့်(ရာစု)၊ မအိသဇင်ဝင်း(ခ)ရွှေအိ၊ ကိုဝင်းသော်ဝင်း၊ မမေရတနာဝင်း(ခ)မေသီဂီ(3rd Year, Eco)၊မစန္ဒာရာ(3rd M.B ၊ဆေး–၁)၊ မောင်သိန်းဦး(နဝမတန်း–G ၊ T.T.C)၊ မမိုးမိုးဆန်း၊ မကြည်ကြည်ဝင်းတို့၏ ကြီးကြီးမေကြီးသည် ၁၄–၇–၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆–၇–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူတူမများ။

## ပျဉ်းမနားမြို့နယ်အသင်း
## ဒေါ်သင်းဝါ(ခ)Molly
### (ပျဉ်းမနား)
### အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင် ၁ လမ်းနေ (ဦးဆွေတင်–ဒေါ်ကြူကြူ)တို့၏သမီး၊ ဒေါက်တာဦးကျော်ဝင်း – ဒေါ်ကြည်ကြည်ဝင်းတို့၏တူမ၊ [ဦးစိန်–ဒေါ်အမာ(ခ)Shirley]၊ ဦးဘုန်းမြင့်–ဒေါ်သန်းသန်း၊ (ဦးမောင်မောင်လွင်)၊ဦးလွင်စိုး–ဒေါ်ယဉ်နုတို့၏ညီမ၊ ဒေါ်ရီရီဝင်း၊ ဒေါ်ဆွေဆွေ (တရားရုံးချုပ်)၊ ဒေါ်ခင်မူမူ(MICB)တို့၏အစ်မသည် ၁၂–၇–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင်ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ညှိသည်တော် မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် **General Dato' Seri Mohd Azumi Bin Mohamed** နှင့် အဖွဲ့ဝင်များအား ယနေ့ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ■

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဇူလိုင် ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဇူလိုင် ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံတွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဘက်စုံပညာထူးချွန်ရေး ပညာရေးရည်မှန်းချက်များ စနစ်တကျအကောင်အထည်ဖော် မိဘပြည်သူများပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင် အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်နိုင်ရေး နိုင်ငံတော်ကအားပေးမည်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ထန်းတပင်မြို့ အခြေခံ ပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

### စာသင်ခန်းဖွင့်ပွဲ တက်ရောက်

အဆိုပါအခမ်းအနားများသို့ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ

***စာမျက်နှာ ၈ ကော်လံ ၁*** ❒

## အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ တရုတ်နိုင်ငံတွင် ကျင်းပမည်

◐ သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ ◐




**ရန်ကုန် ဇူလိုင် ၁၅**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် အာရှဖလား ဘောလုံးပြိုင်ပွဲသည် အာရှတိုက်တွင် ကျင်းပလျက်ရှိသော ဘောလုံးပြိုင်ပွဲများတွင် အဆင့်အတန်းနှင့် ဂုဏ်သိက္ခာအမြင့်မားဆုံးပြိုင်ပွဲဖြစ်သည်။

***စာမျက်နှာ ၁၃ ကော်လံ ၁*** ●

**ပေကျင်းမြို့ အလုပ်သမား အားကစားကွင်း၌ ပြုလုပ်မည့် အာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအတွက်ပြင်ဆင်လျက် ရှိရာ ပေပေ အမည်ရှိ တရုတ်တို့၏ကံကောင်းစေတတ်သော လာဘ်ကောင်ကလေးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၇-၂၀၀၄

| | |
|---|---|
| ဟုမ္မလင်းမြို့ | ၃ ဒသမ ၇၄ လက်မ |
| ကျောက်တော်မြို့ | ၃ ဒသမ ၁၁ လက်မ |
| စစ်တွေမြို့ | ၂ ဒသမ ၉၉ လက်မ |

## ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်များ

၁၅-၇-၂၀၀၄

| | |
|---|---|
| ရန်ကုန်မြို့လယ် | ၀ ဒသမ ၅၅ လက်မ |
| ကမ္ဘာအေး | ၀ ဒသမ ၆၃ လက်မ |
| မင်္ဂလာဒုံ | ၀ ဒသမ ၈၂ လက်မ |